
www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




တစ်ကိုယ်လုံး ပတ်တီးအဖွေးသား စည်းထားတဲ့ အလောင်းကောင်ကြီးကို လေယာဉ်ထိုင်ခုံပေါ်မှာ ကြိုးနဲ့ တုပ်နှောင်ထားတာ တွေ့လိုက်ရတာပဲ။ ကြီးမေဆိုတာ နေရာမှာတင် ရှော့ခ်ဖြစ်သွားတာလေ။ ကြီးမေလေ အဲ့ဒီ ကတည်းက စပြီး ဘယ်တော့မှ လေယာဉ်မစီးတော့ဘူး။

(ကြီးမေ)

www.burmeseclassic.com

www.burmeseclassic.com




ဒီအမျိုးသမီး ဒီလေယာဉ်ပေါ်မှာတင်
နေ့မကူးဘဲ အမြန်သေပါစေ။

(ကရုဏာ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူများတွေကို ကျိန်စာတိုက်ခဲ့တဲ့ မေမေကိုယ်တိုင်ကလည်း အဲ့ဒီလက်စွပ်ရဲ့ကျိန်စာကို သင့်ခဲ့တာပဲလို့ ကျွန်တော်ထင်မိပါတယ်။

မေမေ့ကို အဲ့ဒီကျိန်စာက အမြန်ဆုံး လွတ်မြောက်အောင် ကျွန်တော် ကြိုးစားကယ်တင်ပေးမှာပါ။

(ငြိမ်)

www.burmeseclassic.com

www.burmeseclassic.com



မင်းတွေ့တယ်နော် ဒီကြိုးတွေ ဘယ်လောက်
ခိုင်ခန့်တယ်ဆိုတာ...။ မင်း ဒီကြိုးတွေကို ဖြတ်ပေးမှပဲ
အလောင်းကောင်ကြီးက မင်းဆီ ထ.လာနိုင်လိမ့်မယ်။
(ပိုင်းလော့အန်ကယ်ကြီး)



www.burmeseclassic.com



## အခန်း (၂)



"ဘာ!. . ဘာ!. . ဘာ!. .၊ လေ. . လေယာဉ်နံပါတ် ပြန်ပြောစမ်း. ."

ကြီးမေရဲ့ ဗျာယာခတ်အပြောကြောင့် ငဲငယ် မျက်မှောင်ကြုတ်မိသွားတယ်။

"ဘာလဲ. . ကြီးမေက သိလို့လား. .၊ XXXX. . ဖွဲ့လိုက လေကြောင်းလိုင်းလေ၊ နံပါတ်က XXX လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရွှတ်ပြတဲ့ လေယာဉ်နံပါတ်ကို နားထောင်အပြီးမှာ ကြီးမေရဲ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားပါတယ်။

"အံမယ်လေး!. . ဘုရား . . ဘုရား . . ငါ့သားရယ် . . တာကောင်းလို့ ကြည့်စမ်း. . . ကြီးမေ ကြိုသိပေလို့ မစီးရပါဘူး အဲဒီလေယာဉ် ငါ့သားမစီးရပါဘူး၊ cancel လုပ်လိုက်တော့. . "

"ဟာ!. . . ဘယ်ဖြစ်မလဲ ကြီးမေကလဲ၊ လေယာဉ်လက်မှတ်တန်ဖိုးက နည်းတာမှမဟုတ်တာ၊ သား အဆုံးမခံနိုင်ပါဘူး"

ဘာမှန်းမသိ ညာမှန်းမသိ. . လေယာဉ်လက်မှတ်တစ်စောင် အဆုံးရှုံးခံရမယ့်ကိစ္စမို့ ကျွန်တော် ကြီးမေကို ငြင်းဆန်လိုက်မိတယ်။

ကြီးမေက ရင်ဘတ်ကို ဖိပြီး. . .

"အံမယ်လေး. . သားလေးရယ်၊ အဲဒီလေယာဉ်လက်မှတ်တန်ဖိုး ကြီးမေ ပြန်လျော်ပေးပါ့မယ်၊ ငါ့သားသာ တခြားလေယာဉ် ပြောင်းစီးစမ်းပါ"

လေယာဉ်နံပါတ်ကို ကြီးမေ ဘာလို့. . ဒီလောက်တောင် အယူသည်းနေရတာလဲ. . ။

သူနားမလည်နိုင်ဘူး. . ။

နောက်ဆုံး. . ဖွင့်မေးလိုက်မိတယ်။

"နေပါဦး. . ကြီးမေ ဘာလို့ဒီလောက်တောင် အသည်းအသန် တားနေရတာလဲ၊ အကျိုးအကြောင်း ပြောပြဦးမှပေါ့"

ကြီးမေ နည်းနည်းအင်တင်တင်ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောပြချင်ပုံ မရဘူး။

ရတယ်လေ. . .။

သူ ကြီးမေကို ညစ်လိုက်တယ်။

(လူဆိုတာ မပြောချင်တဲ့ကိစ္စတစ်ခုကိုမှ ပိုစိတ်ဝင်စား တတ်ကြတာ မဟုတ်လား. . .)

"အိုကေ. . . ကြီးမေ မပြောချင်ရင်နေလေ အရေးမကြီး ပါဘူး၊ သားကတော့ လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ နောက်မဆုတ်တတ်ဘူးဆိုတာ. . ကြီးမေ သိပါတယ်နော်"

သူ စိန်ခေါ်လိုက်တော့. . ကြီးမေ ထိတ်ထိတ်ပျာပျာဖြစ် သွားတယ်။

"အံမယ်လေး. . . သားရယ် အဲ့လိုမပြောပါနဲ့၊ သားကို ကြီးမေ ဘာကြောင့်တားရသလဲဆိုတာ ပြောပြပါ့မယ်၊ သားက သာ ကြီးမေပြောပြတဲ့ အဖြစ်အပျက်ကို နားထောင်ပြီးရင် အဲဒီ လေယာဉ်ကို မစီးတော့ပါဘူးဆိုတဲ့ကတိ ပြန်ပေးပါကွယ်. . နော်"

ကြီးမေ ချော့ချော့မော့မော့ ပြောတော့. . သူ ဆက်မစ နေတော့ပါဘူး။

ကြီးမေကို ခေါင်းညိတ်ပြလိုက်ပြီး ကတိမြန်မြန်ပေးလိုက် တယ်။

"အင်းပါ. . ကတိပေးတယ်၊ ကြီးမေသာ အဲဒီလေယာဉ် ရဲ့ လျှို့ဝှက်ချက်ကို ပြောပြ. . "

ကြီးမေက တံတွေးတစ်ချက် မျိုချတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သက်ပြင်းရှိုက်တယ်။

"အဲ့ဒီလေယာဉ်ပေါ်မှာ ခရီးသည်တစ်ယောက်နဲ့ လေယာဉ်မယ်တစ်ယောက် သေသွားဖူးတယ်"

"ဘယ်လို!. . ."

ကြီးမေပြောပြတဲ့အဖြစ်အပျက်ကို သူသိပ်စိတ်ဝင်စားသွားပါတယ်။

"သူတို့က ဘာဖြစ်လို့သေရတာလဲဟင် ကြီးမေ. .၊ လေယာဉ်မတော်တဆဖြစ်လို့လား!. ."

"ဟင့်အင်း. . . လေယာဉ်ရဲ့ချွတ်ယွင်းမှုကြောင့် မဟုတ်ပါဘူး သားရယ်"

"ဒါဆို ဘာကြောင့်လဲ ကြီးမေ!၊ သားကို မြန်မြန်ပြောပြပါ"

ကျွန်တော် အရမ်းစိတ်ဝင်စားမိနေပြီ။

ကြီးမေ တုံ့နှေးနှေး ပြောနေတာကို စောင့်နားထောင်နေရတာ စိတ်မရှည်နိုင်တော့ဘူး။

"အင်း. . အငြိုးတွေ. . ကလဲ့စားချေမှုတွေ. . အမုန်းတွေ. . ဒေါသအလျောက် ကြိုတင်ကြံစည်မှုတွေကြောင့်ပေါ့သားရယ်၊ သေချာတာကတော့. . ခုထိ သူတို့နှစ်ယောက်လုံး မကျွတ်မလွတ်ကြသေးဘူး၊ ခရီးသည်တွေဟာ သူတို့ကို လေယာဉ်ပေါ်မှာ တစ်ခါတစ်လေ မထင်မရှား၊ တစ်ခါတစ်လေတော့လည်း သိသိသာသာ ထင်ထင်ရှားရှားကို တွေ့နေရသေးတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်ကို ကြားရသလို ခပ်သွဲ့သွဲ့ ရယ်လိုက်မိပါတယ်။

"အပဟတ်ဟတ် ကြီးမေဆိုလိုချင်တာက အဲ့ဒီလေယာဉ်က သရဲခြောက်တယ်ပေါ့. . ဟုတ်လား!. ."

သူ့ရဲ့အသံက လှောင်ပြောင်လိုရိပ် နည်းနည်းစွန်းထင်းသွားပုံရတယ်။

ကြီးမေ ဖျတ်ခနဲ လှည့်ကြည့်တယ်။

"သားက မယုံဘူးပေါ့ ဟုတ်လား၊ ကြီးမေက ကိုယ်တိုင်ကြုံခဲ့ရတာပါ သားရဲ့၊ ကြီးမေမျက်စိနဲ့ တပ်အပ်ကို တွေ့ခဲ့ရတာပါ"

သူ နည်းနည်းပြန်ပြီး စိတ်ဝင်စားသွားရတယ်။

"ဟင်. . ကြီးမေကိုယ်တိုင်. . ."

"ဟုတ်တယ်"

"ဘယ်လိုတွေ့ခဲ့ရတာလဲဟင်. ."

"တစ်ကိုယ်လုံး ပတ်တီးအဖွေးသား စည်းထားတဲ့. . အလောင်းကောင်ကြီးကို လေယာဉ်ထိုင်ခုံပေါ်မှာ ကြိုးနဲ့တုပ်နှောင်ထားတာ တွေ့လိုက်ရတာပဲ၊ ကြီးမေဆိုတာ နေရာမှာတင် ရှော့ခ်ဖြစ်သွားတာလေ၊ ကြီးမေ အဲဒီကတည်းကစပြီး. . ဘယ်တော့မှ လေယာဉ်မစီးတော့ဘူး. ."

"သူတို့နှစ်ယောက်က ဘာကြောင့် သရဲတွေ ဖြစ်သွားရတာလဲဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေ သက်ပြင်းရှိုက်ပြန်ပါတယ်။

ကြီးမေက ခံစားလွယ်တယ်။ သူတစ်ပါးရဲ့အဖြစ်အပျက်ကို သူကိုယ်တိုင် ကာယကံရှင်နီးပါးလောက်ကို ခံစားတတ်တာ။

"သနားဖို့သိပ်ကောင်းပါတယ် သားရယ်. .၊ သူတို့နှစ်ယောက်လုံးဟာ ကျိန်စာသင့်ခဲ့ကြတာပါ"

သူ ခန္ဓာကိုယ်ကို ရှေ့တိုးလိုက်မိတယ်။ ကြီးမေရဲ့စကားတွေက သူ့ကို တိုး၍စိတ်ဝင်စားနေစေပါပြီ။

"ဘယ်လို. . သူတို့နှစ်ယောက်က ကျိန်စာသင့်ခဲ့ကြတာဟုတ်လား!. .၊ ကြီးမေ သိလား!. ."

"အင်း. . . သိတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ဘယ်တော့မှ ရောင့်ရဲတင်းတိမ်နိုင်စွမ်းမရှိတဲ့ အချစ်မှာ သူတို့ ကျိန်စာသင့်ခဲ့ကြတာပေါ့။ သူတို့နှစ်ယောက်လုံးမှာ အဲဒီယောကျ်ားကပေးထားတဲ့ စိန်ပွင့်ရှစ်လုံးနဲ့ အသည်းနှလုံးပုံ ဖော်ထားတဲ့ လက်စွပ်တစ်ကွင်းစီ ရှိကြတယ်. . .၊

ပြဿနာရဲ့အစက အဲဒီလက်စွပ်ကြောင့်ပဲ၊ ဒါပေမယ့်. . အဲဒီလို ဆင်တူလက်စွပ်မျိုးတွေ မိန်းကလေး ဘယ်နှစ်ယောက်ဆီမှာ ရှိနေဦးမယ်မှန်းတော့. . သူတို့လည်းမသိကြဘူး"

သူ တစ်ခုခုကို စဉ်းစားမိသွားသလို မျက်မှောင်ကုတ်လိုက်မိတယ်။

"ကြီးမေ. . ဒါဆို အဲဒီလက်စွပ်က တရားခံပေါ့. .၊ ဟိုအမျိုးသမီးနှစ်ယောက်လုံးကို သရဲဘဝရောက်အောင် ကျိန်စာ



www.burmeseclassic.com

www.burmeseclassic.com



သင့်စေခဲ့တာ အဲ့ဒီလက်စွပ်ကြောင့်ပေါ့နော်"

"ဆိုပါတော့သားရယ်"

ကြီးမေက မတင်မကျ ဖြေပါတယ်။

သူ သိပ်မကျေနပ်သေးဘူး။

"ကြီးမေ. . . အဲ့ဒီဇာတ်လမ်း သားကို ပြောပြပါဗျာ"

"အင်း. . ."

ကြီးမေက သံရှည်ဆွဲပြီး ညည်းညူသလို လုပ်လိုက်ပါတယ်။

ပြီးတော့. . .။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)



ဂူတီနားရက်ကလေးမှာ အိပ်ရေးဝဝ အိပ်မလို့ ပြင်တုန်း မနက်စောစောစီးစီး ဖုန်းမြည်သံကြောင့် ကရုဏာ စိတ်ညစ်သွားရတယ်။

မျက်လုံးမဖွင့်သေးဘဲ ကုတင်ဘေး စားပွဲပုလေးပေါ်က တာမ်းဖုန်းကို လှမ်းယူလိုက်တယ်။

ပြီးတော့. . အိပ်မှုန်စုံဝါးအသံကြီးနဲ့ပဲ 'ဟယ်လို' လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com


တယ်။

"ဟာ!. . . ဘယ်လိုမိန်းမလဲ. . ၊ ရှင် ခုချိန်ထိ အိပ်ရာထဲက မထသေးဘူးလား၊ ဖုန်းထူးသံကြီးကလဲ အိပ်ချင်မူးတူးနဲ့. ."

ကရုဏာ စိတ်ပျက်လက်ပျက်နဲ့ 'ကျွစ်'ခနဲ စုတ်သပ်လိုက်မိတယ်။

"အေမီ. . . ပြော၊ စောစောစီးစီး ဘာအရေးတော်ပုံတွေ ပေါ်ပြန်ပြီလဲ"

"ရှင့်ကို မမက နေ့လည်စာ အိုဗာတင်း ဖျော်တိုက်မလို့တဲ့၊ အဲ့ဒါသတင်းပေးတာ"

သွားပြီ. .။ မမဆိုတာ ကရုဏာတို့ရဲ့အထက်လူကြီး။

အိုဗာတင်း ဖျော်တိုက်မယ်ဆိုရင် ကရုဏာတို့ သဘောပေါက်လိုက်ပြီ။ အိုဗာတိုင်ဆွင်းရတော့မယ်။

ဒီနေ့ ကရုဏာ မနားရတော့ဘူး. .။

"ဟိတ်. . . ဘာလဲ အရမ်းပျော်သွားလား၊ ဂျူတီပြန်ဝင်ရမယ်ဆိုလို့"

အေမီက ဆက်စ,နေတယ်။

'ရှစ်'. . လို့ ကရုဏာ ခပ်တိုးတိုး ဆဲရေးလိုက်မိတယ်။

"ဘယ်လိုလဲ. . . စိန်လက်စွပ်ရဲ့အရှင်သခင်နဲ့ ဒိတ်ထားတဲ့နေ့ရက်လေး သွားပါပြီပေါ့. . ဟုတ်လား. ."

"ကိုကိုမရှိဘူး၊ ကုန်တိုက်အတွက် ဂျပန်မှာ ပစ္စည်းသွားဝယ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



အေမီက မခံချင်အောင် စ,တာကို. . ကရုဏာ ခပ်ကြွား ကြွားလေး ပြန်ပြောလိုက်တယ်။

လျှာဖျားမှာ ချိုနေတာပဲ. . ။

ကိုကိုက ဥပမိရုပ်လည်း ခန့်ညားတယ်။

ကုန်တိုက်သုံးခုလည်း ပိုင်ဆိုင်တယ်။

ကရုဏာကိုလည်း လိုလေသေးမရှိ အလိုလိုက် ကြင်နာ တယ်။

ကိုကိုနဲ့ချစ်ခွင့်ရတာ ကရုဏာ ဘယ်လောက်ကံကောင်း လိုက်သလဲ။

ကရုဏာတို့ဌာနမှာ BMW ကားနဲ့ အလုပ်ဆင်း၊ ROLEX နာရီပတ်၊ စိန်လက်စွပ်ဝတ်နိုင်တဲ့ လေယာဉ်မယ်ဆိုလို့ ကရုဏာ တစ်ယောက်ပဲရှိတာပါ။ ကိုကို ဆင်ပေးထားတာလေ. . . ။

တစ်ခုတော့ ရှိတယ်၊ ကိုကိုက လူပျိုတော့ မဟုတ်ပါဘူး။

သိပ်စိတ်ပျက်စရာကောင်းတဲ့ အိမ်ထောင်တစ်ခုကို စိတ် အနှလမ်းခွဲခဲ့တဲ့ အိမ်ထောင်ပျက်တစ်ယောက်ပါ. . ။

ကရုဏာကိုတော့ ဒီတစ်ခေါက် ဂျပန်ခရီးက ပြန်လာရင် အရေးဝင်လက်ထပ်ဖို့ အစီအစဉ်တွေ စ,ဆွဲတော့မယ်လို့ ကိုကိုက ကတိပေးထားပါတယ်။

ကရုဏာ ကိုကို့အကြောင်းတွေ ဖျတ်ခနဲ တွေးမိနေတဲ့ အချိန်မှာ အေမီက မခိုးမခန့်ရယ်ပြီး ဆက်ပြောပြန်ပါတယ်။

"အဟား. . . တို့ကတော့ စည်းစိမ်ဥစ္စာ မမက်ဘူးဟေ့၊



www.burmeseclassic.com

www.burmeseclassic.com



လူပျိုနုနုထွတ်ထွတ်ကလေး ဆိုတဲ့ဂုဏ်ကိုပဲ မက်တာ၊ စဉ်းစားကြည့်လေ. . ကိုယ့်ရဲ့ အပျိုစင်ဘဝကလေးကို နုနုသန့်သန့် လူပျိုတလေးကိုပဲ ပိုင်ဆိုင်ခွင့်ပေးမှာပေါ့၊ ပုပ်အဲ့နေတဲ့ မုဆိုးဖိုတို့ တစ်ခုလပ်တို့ကို ဘာလို့များ သိမ်းပိုက်ခွင့်ပေးမလဲ. . ဟိဟိ. . "

အေမီက တော်တော်အပြောဆိုးပါတယ်။

သူ့စကားက စေတနာထက် မနာလိုရိပ် ရာခိုင်နှုန်းက ပိုများနေတယ်လို့ပဲ ကရုဏာ ယူဆပါတယ်။

ကိုကို့ကို ချစ်သူအဖြစ် လက်ခံလိုက်ကတည်းက ပတ်ဝန်းကျင်မှာ ဒီလိုကဲ့ရဲ့သဂြိုဟ်တာတွေ ခံရလွန်းလို့ ကရုဏာ အရေထူနေပါပြီ။

နှုတ်ခမ်းလေး တွန့်ကွေးပြီး မထီတရီ ပြုံးလိုက်ရင်း အေမီ့ကို ကရုဏာ တစ်ခွန်းတည်း ပြန်ပြောလိုက်ပါတယ်။

"အချစ်မှာ အဲဒါတွေမရှိဘူး သူငယ်ချင်းရဲ့"

"အိုး. . . အဲ့ဒါအချစ်၊ သေချာရဲ့လား ကရုဏာရယ်"

"မင်းရော ကိုကို့လိုလူမျိုးက ချစ်တယ်ဆိုရင် ငြင်းမှာလား မငြင်းပါဘူးကွာ. . . ကိုယ်ပြောရဲပါတယ်"

အေမီနဲ့ ကရုဏာရဲ့ စကားစစ်ထိုးပွဲက တဖြည်းဖြည်း ပြင်းထန်လာတာမို့ ကရုဏာကပဲ စကားလမ်းကြောင်း ပြောင်းလိုက်ရပါတယ်။

"ဒါနဲ့ ပြောပါဦး၊ မင်း ကိုယ့်ဆီဖုန်းခေါ်တဲ့ကိစ္စက"

"အိုး. . ဆောရီး၊ အဲ့ဒီကိစ္စ ပြောချင်လို့ ဖုန်းဆက်တာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းက နည်းနည်းချော်ထွက်သွားတယ်၊ မင်း ဒီနေ့ ဝင်ရမယ့်ဂျူတီက နည်းနည်းထူးဆန်းလို့ ကိုယ်ကြိုတင်သတင်းပေးတာ"

"ဆိုစမ်းပါဦး. . . ဘာတွေထူးဆန်းလို့လဲ"

မေးသာ မေးလိုက်ရတယ်. . . ကရုဏာ သိပ်တော့ စိတ်မဝင်စားပါဘူး။

နားရက်မှာ ပြန်အစားထိုးဝင်ပေးရမယ်ဆိုကတည်းက စိတ်တွေက သိပ်မကြည်လင်ချင်တော့ဘူး။

"မင်း ဒီနေ့ ဝင်ပေးရမယ့် ဂျူတီက. . ဩစတေးလျကို လေယာဉ်စင်းလုံးငှားစီးတဲ့ ခရီးသည်တစ်ဦးတည်းနဲ့ လိုက်ပေးရမှာ"

"မြတ်စွာဘုရား. . လေယာဉ်တစ်စင်းလုံးကို ငှားစီးတယ်ဟုတ်လား၊ ဘယ်လောက်တောင် ချမ်းသာနေပါလိမ့်"

"ချမ်းသာသလားတော့ မမေးနဲ့၊ စော်ဘွားတစ်ယောက်ရဲ့သမီးတဲ့ကွ၊ သူ့နာမည်ကို ကြားလိုက်ရရင်. . မင်းပိုအံ့ဩသွားမယ်"

အေမီ့အသံက ရီသွဲ့သွဲ့နိုင်လှပါတယ်။

ကရုဏာလည်း နည်းနည်းစိတ်ဝင်စားသွားပြီ။

"ပြောစမ်းပါဦး အဲ့ဒီအမျိုးသမီးက အကယ်ဒမီမင်းသမီးဖြစ်နေလို့လား!. ."

"အကယ်ဒမီမင်းသမီးထက် ပိုစိတ်ဝင်စားဖို့ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးပေါ့. . ၊ မင်း ရင်းရင်းနှီးနှီးကို သိနေတဲ့နာမည်ပါ. . . ဒေါ်နန်းကေရီတဲ့"

"ဘာ!!. . "

ကရုဏာမျက်လုံးတွေ ပြူးကျယ်သွားပြီး ချက်ချင်း အိပ်ယာထဲမှ ခေါက်ခနဲ ထ,ထိုင်လိုက်မိတယ်။

"ဟုတ်ပါ့. . ဒေါ်နန်းကေရီ Royal ကုန်တိုက်သုံးခုပိုင်ရှင် ဦးသတိုးသခ်ရဲ့ချစ်ဇနီး ဒေါ်နန်းကေရီပါ"

အို. . ချစ်ဇနီး. . မဟုတ်ပါဘူး။

ကိုကိုနဲ့ အဲဒီအမျိုးသမီးက ကွာရှင်းပြတ်စဲကြပြီးသား။

အဲ့ဒါ မင်းသိရဲ့လား အေမီ. .။

တကယ်တမ်းမှာတော့ ကရုဏာရဲ့လည်ချောင်းထဲ ဖြင်း ရှတစ်ဆို့နေတာမို့ ဘာသံမှ မထွက်နိုင်ပါဘူး. . .။

ကရုဏာ လက်ထဲကဟမ်းဖုန်းလေး အိပ်ရာပေါ် ပြုတ်ကျသွားတယ်။

သိပ်မကြာခင်မှာပဲ ဖုန်းခေါ်သံက မြည်လာပြန်ပါရော။

ကရုဏာ ဖုန်းကို မကောင်းဆိုးဝါးတစ်ကောင်လို ကြည့်နေမိတယ်။

ဖုန်းခေါ်သံ အဆက်မပြတ် မြည်လာတော့. . ဒေါသ ကြီး ကောက်ကိုင်လိုက်မိတယ်။

"ဟယ်လို"

ကရုဏာရဲ့ဖုန်းထူးသံက- ဆောင့်ဆောင့်အောင့်အောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမှာ အမှန်ပါပဲ။

"ကရုဏာ. . . အရေးတကြီး ဂျူတီဝင်ရမယ်၊ ခုချက်ချင်း ဝတ်စားပြင်ဆင်ပြီး ရုံးကိုလာခဲ့ပါ"

ကရုဏာ အထက်လူကြီး မမမြတ်ကွန်ရွဲ့ရဲ့ဖုန်း ဖြစ်နေတယ်။ ကရုဏာ စိတ်ညစ်ညစ်နဲ့. . .

"မမ. . . ဒီနေ့ ကရုဏာ အော့ဖ်လေ"

"ဆောရီး ကရုဏာ၊ မမ အချိန်မရဘူး။ မင်း ခုချက်ချင်း လာခဲ့ပါ. . . ဒါပဲနော်"

မမက ကရုဏာရဲ့ဆင်ခြေကို လက်ခံနားမထောင်ဘဲ စကားဖြတ်ချပြီး ဖုန်းပါချသွားတယ်။

ဒုက္ခပဲလို့. . ကရုဏာ ညည်းလိုက်မိတယ်။

အလုပ်က ထွက်ပစ်လိုက်ချင်စိတ်ပါ ပေါက်လာတယ်။

ကိုကိုနဲ့ လက်ထပ်ပြီးရင်တော့ ကရုဏာ အလုပ်က ထွက်မှာပါ။ လောလောဆယ်တော့ ဒီအလုပ်က လစာကောင်းတာမို့ ကရုဏာ ထွက်လို့မဖြစ်သေးပါဘူး။

အိပ်ရာပေါ်က မထချင်ထချင် ထလာပြီး. . ကရုဏာ ရေချိုးခန်းထဲ ဝင်ခဲ့တယ်။ တတ်နိုင်သလောက် အချိန်ဆွဲပြီး ရေချိုး သန့်စင်နေမိတယ်။

ဒေါ်နန်းကေရီ ဆိုတဲ့အမျိုးသမီးကို ကရုဏာ အပြင်မှာ တစ်ခါမှ မဆုံတွေ့ဖူးပါဘူး။ မျက်နှာချင်းလည်း မဆိုင်ဖူးပါဘူး။

ရေချိုးခန်းထဲက ထွက်လာတော့ ဘာပဲဖြစ်ဖြစ် အရင်က

www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုပြီး လှပကြော့ရှင်းနေအောင် ဖီးလိမ်းပြင်ဆင်မိတယ်။

ဒေါ်နန်းကေရီက ကရုဏာကို သိချင်မှသိမှာပါ။

ဒါပေမယ့် သူ့ထက်ပိုပြီး ကရုဏာ လှချင်နေမိတယ်။

ပြီးတော့ သူ့မျက်စိထဲမှာ ကရုဏာဟာ သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ပါလားလို့ အသိအမှတ်ပြုခံရချင်တယ်။

ကိုကိုကတော့ ဒေါ်နန်းကေရီဟာ ရောဂါမျိုးစုံနဲ့ ချူချာလွန်းလို့ . စိန်စီထားတဲ့ ဂိလာန . . . တဲ့။

- မသေခင်ကထဲက နာနာဘာဝရုပ် ထွက်နေတဲ့ မင်းသမီးတဲ့။

ဝတ်စားပြင်ဆင်ပြီးတော့ . . မှန်ရှေ့မှာ ကရုဏာ ကိုယ့်ကိုယ်ကိုယ် လှည့်ပတ်ကြည့်ရှုနေမိတယ်။

ကိုယ့်အလှကိုယ် စိတ်မချနိုင်ဘူး . .။ ဒေါ်နန်းကေရီရဲ့ အလှနဲ့ယှဉ်ရင် မှိန်သွားမှာ စိုးရိမ်နေမိတယ်။

ကိုကိုကတော့ ကရုဏာကို ကြွေရုပ်ကလေးတဲ့။

ကရုဏာ ဘယ်လိုပဲ အလှဆုံး ပြင်ဆင်ထားပေမယ့် . . ဒေါ်နန်းကေရီနဲ့ တွေ့ဆုံရမှာကို ကံကြမ္မာဆိုးတစ်ခုခုနဲ့ ကြုံတွေ့ရတော့မှာလို ရင်လေးနေမိပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)



ရေဆိပ်ထဲ ရောက်လာတော့ ကရုဏာ ခြေဖျား လက်ဖျားတွေ အေးစက်ပြီး ရင်ထဲလည်း တုန်တုန်ယင်ယင် ဖြစ်လာတယ်။

ဒေါ်နန်းကေရီဟာ ကရုဏာကို ကြိုတင်သိမထားနိုင်ဘူးလား!. . ။

တကယ်လို့များ ကြိုတင်သိထားခဲ့ရင်လည်း. . . သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်း ဂုဏ်သိက္ခာနဲ့ လူကြားထဲမှာ ကရဏာကို ရင့်ရင့်သီးသီး အော်ဟစ်ရန်တွေ့လိမ့်မယ်လို့တော့ မထင်ပါဘူးနော်။

ဒါပေမယ့် ပညာသားပါပါလေး နှိပ်ကွပ်လာခဲ့ရင်. . .

ဘာပဲဖြစ်ဖြစ်. . သူ့ဘက်က အသိုင်းအဝိုင်း အရှိန်အဝါတွေက ကရဏာထက် အများကြီး သာတယ်လေ။

ကရဏာ သူ့ရဲ့အရှိန်အဝါကို လန့်နေမိတာတော့ အမှန်ပဲ။

စိတ်တွေ ယောက်ယက်ခတ်နေတာနဲ့. . ကိုကိုပေးထားတဲ့ စိန်လက်စွပ်လေးကိုတောင် ကရဏာ ချွတ်မထားမိခဲ့ဘူး။

အိုး. . . ဘာဖြစ်သေးလဲ. .

သူသိနိုင်တာလိုက်လို့. . .။

ကရဏာ ကိုယ့်ကိုယ်ကိုယ်အားတင်းပြီး ရုံးခန်းထဲ ဝင်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး!. . ညီမလေး ကျေးဇူးပဲကွာ၊ ဘော့စ်က အိုတီ ကြေးကို နှစ်ဆပေးပါ့မယ်တဲ့. . မပျော်ဘူးလား!. ."

ကရုဏာ ရုံးခန်းထဲဝင်လိုက်တာနဲ့ မမက ဝမ်းသာအားရ ကြိုဆိုတယ်။ စိတ်ထဲကတော့. . မပျော်ပါဘူး. .၊ အဲ့ဒီမိန်းမကြီး ကို serve လုပ်ပေးရမှာ အိုတီကြေးနှစ်ဆမကပါဘူးလို့ ပြန်ပြော လိုက်ချင်ပါတယ်။

"ကရုဏာရေ နည်းနည်းတော့ဂရုစိုက်ပေးကွာ၊ ဘော့စ် ရဲ့ VIP လေ. . . ဒီသူဌေးသမီးက ဟိုကိုဆေးစစ်ဖို့သွားမှာ၊ ဒါပေ မယ့် အရေးတကြီး စီစဉ်လိုက်ရတော့ သူ့အဖော်တွေ ပါမလာ ဘူး၊ လူယုံကလည်း ကိုယ်ရေးကိုယ်တာကိစ္စရှိလို့ ဇာတိပြန်သွား တယ်ဆိုလား. . ."

"ဆေးကုဖို့သွားမှာ နှစ်ရက်လေးဘာလေးလောက် မဝါဘူး

www.burmeseclassic.com

www.burmeseclassic.com



လား!. ."

"မဟုတ်ဘူးလေ. . ၊ လောလောဆယ် သူ့ကျန်းမာရေး က ကောင်းနေတာပဲ၊ medical check up လုပ်ပြီး စနစ်တကျ ကုသမှုခံယူဖို့ သွားမှာ"

ကရုဏာ စိတ်ညစ်ပြီးရင်း ညစ်သွားရတယ်။

လေယာဉ်ပေါ်မှာ လူခပ်များများ သိုက်သိုက်ဝန်းဝန်းဆို ရင် သူ့ကို နည်းနည်းရှောင်လို့ ရသေးတာပေါ့။

"မမ. . ဒါနဲ့ ကရုဏာနဲ့ တွဲရမယ့်တစ်ယောက်က ဘယ် သူလဲဟင်!. ."

ကရုဏာ ခပ်သွက်သွက်လေး မေးလိုက်မိတယ်။

ထုံးစံအတိုင်း လေယာဉ်တစ်စင်းမှာ လေယာဉ်မယ်နှစ် ယောက် အနည်းဆုံးလိုက်ပါရမယ်လေ. .။

ကရုဏာနဲ့ တွဲရမယ့်သူဟာ. . ကိုကိုနဲ့ ကရုဏာရဲ့ ချစ် ဇာတ်လမ်းကို သိမထားတဲ့သူဆိုရင် အကောင်းဆုံးပေါ့. .။

တကယ်လို့များ. . ဒေါ်နန်းကေရီဟာ ကရုဏာတို့အ ကြောင်းကို တစ်စွန်းတစ်စ ကြားမိထားပြီးပြီဆိုရင် စုံစမ်းလို့ မရ နိုင်တော့ဘူးပေါ့။

ဒါပေမယ့် မမဆီက အဖြေစကား ကြားပြီးတဲ့အချိန်မှာ ကရုဏာဟာ ထိုင်ခုံမှာ အရုပ်ကြိုးပြတ် ဖြစ်သွားမိပါတယ်။

"အိုး. . . ဆောရီးပဲ ညီမရယ်၊ မမတို့ နောက်ထပ်တစ် ယောက် ဘယ်လိုမှရှာမရတော့လို့ ညီမတစ်ယောက်ထဲပဲ run

www.burmeseclassic.com

www.burmeseclassic.com



ပေးပါနော်. . ဖြစ်တယ်မဟုတ်လား!. .၊ ဖြစ်ပါတယ်ကွာ. . . ကိုယ့်ညီမအရည်အချင်းကို သိပြီးသားပါ"

စိတ်ထဲကတော့ သေသာသေလိုက်ချင်တော့တာပဲလို့ ကရုဏာ ညည်းလိုက်မိပါတယ်။

တကယ့်ကို သေလိုက်ချင်တော့တာပါ။

လေယာဉ်ပေါ်မှာ သူနဲ့ ကရုဏာနှစ်ယောက်ထဲ. .

ဘယ်လောက် စိတ်ကျဉ်းကြပ်ဖို့ ကောင်းလိုက်သလဲ. .။

ပိုင်းလော့နှစ်ယောက်ကလည်း သီးခြားနေတာလေ. .။

သူ ကရုဏာကို တစ်ခုခုများ လုပ်ကြံလိုက်မယ်ဆိုရင်. . ကရုဏာ ဘယ်သူ့ကို အားကိုးရပါ့မလဲ။

ဒါဟာ ကြိုတင်ကြံစည်မှုရော မဖြစ်နိုင်ဘူးလား။

"မမ. . အဲ့ဒီအမျိုးသမီးက မောက်မာသလားဟင်!. .၊ ဟို. . ဟိုလေ. . . ဆက်ဆံရေးကောင်းရဲ့လား!. . "

ကရုဏာ ရင်ထဲမှာကိန်းအောင်းနေတဲ့ မေးခွန်းတစ်ခုကို ရုတ်တရက် မေးလိုက်မိတယ်။

ကိုကိုပြောတော့ ဒေါ်နန်းကေရီဟာ ကြမ်းတမ်းရိုင်းစိုင်း တတ်လေ့ရှိသတဲ့. . ။

စိတ်ဆိုး ဒေါသဖြစ်ရင် တစ္ဆေသရဲတစ်ကောင်နဲ့ တကတယ် ကို တူသတဲ့. .။

မမကတော့ ကရုဏာမေးခွန်းကို သူ ဘာမှ မသိထားပါ ဘူးဆိုတဲ့ပုံစံ. . ပခုံးပဲ တွန့်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမိက,က ကိုယ့်ဘက်က နွေးထွေးဖို့ တာဝန်ကျေဖို့ပဲ မဟုတ်လား၊ ကဲ. . . ဘာမှ စဉ်းစားမနေနဲ့. . အချိန်နီးနေပြီ၊ စိတ်တို့ကြည်ကြည်လင်လင်ထားပြီး ready လုပ်ထားတော့. . ၊ သိပ်မကြာခင် ဒေါ်နန်းစကေရီ ရောက်လာတော့မယ်"

အဲဒီအမျိုးသမီးရဲ့နာမည် ထပ်ကြားလိုက်ရတဲ့အခါ. . . တရုဏာရဲ့ရင်တစ်ခုလုံး ကြွပ်ခဲသွားသလိုပါပဲ။

လက်စွပ်ကိုလည်း ယောင်ယမ်းပြီး ကိုင်မိသွားတယ်။

မမ ပြောတဲ့အတိုင်းပဲ. . . သိပ်မကြာခင်မှာ လေဆိပ်ထဲ ဒေါ်နန်းစကေရီ ဝင်ရောက်လာပါတော့တယ်။





www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်**နန်းကေသီရှိ ရောက်လာတာနဲ့ တမြို့င်နက် ဝန်ထမ်းအားလုံးဟာ တော်ဝင်မင်းသမီးတစ်ပါး ရောက်လာသလို မတ်တတ်ရပ် အရှိအသေပေးပြီး ကြိုဆိုလိုက်ကြတာပါ။

ရင်ထဲမှာ အတော်အောင့်သီးအောင့်သက် ခံပြင်းသွားမိပေမယ့် အများနဲ့မို့ ဘာမှမတတ်နိုင်ပါဘူး။

ကရုဏာလည်း မတ်တတ်ထရပ်ပြီး အရှိအသေပေးလိုက်ရပါတယ်။

ဒေါ်နန်းကေသီဟာ ကရုဏာခန့်မှန်းထားတဲ့ စိတ်ကူးထဲကရုပ်ထက် အများကြီး အိုစာကျဆင်းနေပါတယ်။

အသက်နဲ့ မလိုက်ဖက်လောက်အောင်ပါပဲ။

ကိုကိုပြောတဲ့ စိန်စီထားတဲ့ ဂီလာနရုပ် ဆိုတဲ့စကားကိုပြန်သတိရလိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်နဲ့ မမျှအောင်ကို ရောဂါမျိုးစုံရဲ့ဒဏ်ကို ခံစားနေရတဲ့ရုပ်ပါပဲ။ ခန္ဓာကိုယ်ကလည်း . . အတော့်ကို ပိန်လို့ ခြောက်ကပ်ရှာပါတယ်။

ဒါပေမယ့် စိတ်ဓါတ်ကတော့ အတော်ပြင်းထန်မယ့်ပုံပါ ပဲ။

လမ်းလျှောက်ပုံက မြန်ဆန်မတ်ကြော့ပြီး ဒေါက်မြင့် ဖိနပ်ရဲ့ ခွာသံကလည်း အတော့်ကို ပြင်းထန်ပါတယ်။

ဝန်ထမ်းတစ်ယောက်ချင်းစီကို စူးစိုက်ကြည့်ပါတယ်။

အားလုံးက ဖော်ဖော်ရွှေရွှေ ကြိုဆိုပေမယ့် အပြုံးက လေးတစ်ချက်နဲ့တောင် အသိအမှတ် မပြုပါဘူး။

အတော်မောက်မာရင့်သီးမယ့်ပုံပဲလို့ . . ကရုဏာ တွေး လိုက်မိပါတယ်။

ဒီအမျိုးသမီးနဲ့ နာရီပေါင်းများစွာ လေယာဉ်ပေါ်မှာ နှစ် ယောက်ထဲ မျက်နှာချင်းဆိုင်ရဖို့ဆိုတာ အတော်ငရဲကျမယ့်အ လုပ်ပဲလို့ မှတ်ချက်ချမိတယ်။

ကရုဏာရဲ့ရှေ့က အဖြတ်မှာတော့ ကရုဏာကို သိသိ သာသာကို စိုက်ကြည့်သွားပါတယ်။

အဲဒီအကြည့်က မိစ္ဆာတစ်ကောင်ရဲ့ အကြည့်လိုပါပဲ။

တုန်လှုပ်ချောက်ချားစရာ ကောင်းလှပါတယ်။

သူ့ရဲ့မျက်လုံးတွေကလည်း မြွေဟောက်တစ်ကောင်ရဲ့ မျက်လုံးမျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်စဉ်းလဲမယ့် ရန်လိုမယ့် မျက်လုံးမျိုးတွေ။

သူ့ . သူ့ . ကရုဏာကို ကြိုမျှားသိနေလေသလား!။

ကရုဏာရဲ့ကျောထဲ စိမ့်ခနဲ အေးသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)



ဒေါ်နန်းကေရီဟာ ရှေ့ဆုံးက first class ခုံတန်းမှာ မတ်ကြော့စွာ ထိုင်လိုက်ပါတယ်။ ရုပ်ကသာ လူမမာရုပ်ပေါက်နေပေမယ့် လူကတော့ စတိုင်ကျကျ မာန်တင်းတင်းပုံစံပါပဲ။ ဝတ်စားပြင်ဆင်လာတာလည်း လွှင့်လှပါတယ်။

အဝတ်အစား အသုံးအဆောင်တွေဟာ နိုင်ငံခြားဖြစ်၊ တန်ဖိုးကြီးလှမယ့် အမှတ်တံဆိပ်တွေဆိုတာ မြင်ရုံနဲ့တင် သိနိုင်

www.burmeseclassic.com

www.burmeseclassic.com



စေပါတယ်။

အနက်ရောင် ဇာဂါဝန်နဲ့ ဦးထုပ်အဝိုင်းကလည်း အနက်ရောင်ပါပဲ။ ဒေါက်မြင့်ချွန်ချွန်ကလည်း အနက်ရောင်. .။

ဒီအမျိုးသမီး. . ဒီနေ့ ဘာဖြစ်လို့များ အနက်ရောင်ကို ဖက်ရှင်လုပ်လာပါလိမ့်။

အနက်ရောင်ဟာ ဝမ်းနည်းကြေကွဲတဲ့ အထိမ်းအမှတ် ဖြစ်သလို. . တစ်စုံတစ်ရာကို ထွင်းဖောက်ဖြို့ခွဲနိုင်စွမ်းလည်း ရှိသတဲ့. .။

ဒေါ်နန်းစကေရီ. . အနက်ရောင်ဖက်ရှင် ပြီးတော့. . နားရက်မှာ အစားထိုး ဝင်ပေးရတဲ့ဂျူတီ. . .။

ဒါတွေအားလုံးဟာ မှိုးသားမှုမှရှိရဲ့လား. . .။

တစ်စုံတစ်ယောက်ရဲ့ တမင်ကြံစည်ကြံစည်မှု၊ လုပ်ကြံဖန်တီးမှု မဖြစ်နိုင်ဘူးလား!. .။

ကရုဏာ စိတ်တွေ လေးလံထိုင်းမှိုင်းလာရတော့သည်။

လေယာဉ်က ပြေးလမ်းပေါ်မှ အရှိန်ပြင်းစွာဖြင့် ကောင်းကင်ပေါ်သို့ ထိုးတက်သွားပါတော့သည်။

"ကလင်. ."

ထိုအခိုက် ကရုဏာ ထိုင်နေသော လေယာဉ်မယ် ထိုင်ခုံဘေးမှ ဘဲလ်သံ မြည်လာလေလျှင် စိတ်ထဲတင်းကြပ်စွာနှင့်ပင် ထ,လာခဲ့ရတော့သည်။

ခုချိန်မှာ သူက လေယာဉ်တစ်စင်းလုံးကို ငှားလာတဲ့ ခရီး

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကရုဏာကလည်း တစ်ယောက်ထဲ ပါလာတာဆိုတော့ သူနိုင်းသမျှ ကရုဏာတစ်ယောက်ထဲ လုပ်ပေးရတော့မှာပါပဲ။

ကရုဏာတို့ လေယာဉ်မယ်တွေဟာ လေယာဉ်ပေါ်မှာ ပေ့ါပါးသွက်လက်စွာ လျှောက်နေကျပါ။

လေယာဉ်ဟာ တိမ်စိုင်တွေထဲမှာ ဘယ်လောက်ပဲ လှုပ်ခါယမ်းနေပါစေ၊ ကရုဏာတို့ ဟန်ချက်မပျက်အောင် လျှောက်တတ်ပါတယ်။

ဒါပေမယ့် အခုတော့ ဒီလေယာဉ်ပေါ်မှာ အမြဲပေ့ါပါးသွက်လက်စွာ လျှောက်လှမ်းနေကျ ကရုဏာရဲ့ခြေထောက်တွေဟာ လေးကန်နေးကွေးလို့ နေပါတယ်။

ဒေါ်နန်းစေကရီရှေ့ရောက်တော့ ကရုဏာ လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ဦးညွှတ်ကာ အရိုအသေ ပေးလိုက်ပါတယ်။

စိတ်ထဲမှာတော့ ဒီလိုဦးညွှတ်လိုက်ရတာ အတော့်ကိုခါးသီးပါတယ်။ ကိုယ့်ရဲ့ပြိုင်ဘက်တစ်ယောက်ကို ကြိုတင်အရှုံးပေးလိုက်ရသလိုပါပဲ။

"မင်္ဂလာပါမမ၊ မမ ဘာအလိုရှိပါသလဲရှင်"

ဒီစကားတွေဟာ လုပ်ငန်းသဘောအရ ကြက်တူရွေး စာအန်သလို ကရုဏာတို့ ပေ့ါပေ့ါပါးပါး ပြောနေကျ စကားလုံးတွေပါ။

ဒါပေမယ့်. . အခုတော့ အတော်လေး ကသိကအောင့် နိုင်လှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းသဘောအရ မျက်နှာဖုံးတစ်ခုအောက်မှာ အမြဲနေခဲ့ရပေမယ့် . . ဒီနေ့တော့ ကရုဏာ ဟန်ဆောင်ပြုံးဖို့အောင် မနည်းကြိုးစားနေရတာပါ။

ကရုဏာက ပြုံးပြီးမေးလိုက်တော့ ဒေါ်နန်းကေရီက စူးရဲနေအောင် စိုက်ကြည့်ပါတယ်။

သူ့မျက်လုံးတွေက စူးရဲသလောက် အေးစက်လွန်းတာမို့ ကရုဏာ အသည်းထဲထိအောင် စိမ့်အေးတက်သွားရပါတယ်။

အတော်ကြောက်စရာကောင်းတဲ့ မျက်လုံးမျိုးတွေပါ။

"တို့ ဘယ်သူလဲဆိုတာ မင်းသိလား!. ."

မျက်လုံးတင်သာ မကဘူး၊ အသံကြီးကလည်း ကြောက်စရာကောင်းလောက်အောင် အေးစက်ခက်ထန်လှတာမို့. . . ကရုဏာ နောက်ကို မသိမသာဆုတ်လိုက်မိပါတယ်။

ဒီမိန်းမဟာ လူမှဟုတ်ရဲ့လား. . နာနာဘာဝ မိစ္ဆာများလား. . လို့တောင် စိတ်ထဲက ထင်လိုက်မိပါတယ်။

"မမနာမည် ဒေါ်နန်းကေရီဆိုတာ သိထားပါတယ်"

ကရုဏာ အသံကလေး မတုန်အောင် မနည်းထိန်းပြီး ပြန်ဖြေမိပါတယ်။

ဒီမိန်းမတော့ ငါ့ကို ပါးပါးကလေး ပညာပေးနေပြီလို့ သိလိုက်ပါတယ်။

"ပြီးတော့ရော. . . ဘာသိထားသေးလဲ!. ."

သေချာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ ကရုဏာကို တမင်နှိပ်ကွပ်ချင်လို့ ခေါ် လိုက်တာပါ။

သူ့လိုရာခရီး မရောက်မချင်းတော့. . . ခံပေဦးတော့ ကရုဏာ ရေ. . လို့ ကိုယ့်ကိုယ်ကို ပြန်အားပေးလိုက်မိပါတယ်။

"ဒီလောက်ပါပဲ. ."

တကယ်တော့ ကရုဏာ စကားမြန်မြန်ဖြတ်ချပြီး မြန်မြန် ပြေးချင်နေမိတော့တာပါပဲ။

အမျိုးသမီးက ကရုဏာရဲ့အဖြေကို ကြိုတင်ခန့်မှန်းထား သလို မချိုးမခန့်ပုံစံနဲ့ နှုတ်ခမ်းကို မဲ့ကွေးလိုက်ပါတယ်။

အဲ့ဒီအပြုအမူဟာ ကရုဏာကို အတော်အောင့်သက်ခံ ခြင်းစေတဲ့ အပြုအမူပါ။

ဒါပေမယ့် ကရုဏာ အဲ့ဒီစိတ်ကို ရအောင်ကြိတ်မှိတ်မျို ချလိုက်ပါတယ်။

"တို့ခင်ပွန်းဟာ ဦးသတိုးသံဆိုတာရော မင်းသိလား!"

ဒီမိန်းမရဲ့ပါးစပ်က ကိုကို့နာမည် ကြားလိုက်ရတော့ မြွေ ဟောက်တစ်ကောင်လို ကရုဏာ ဆတ်ခနဲ ဖြစ်သွားရပါတယ်။

သေချာပြီ. .၊ ဒီမိန်းမ ကရုဏာကို နှိပ်ကွပ်ဖို့ အစပျိုးနေ ပြီ။

ကရုဏာ မျက်နှာကိုမော့ပြီး အသက်တဝ ရှူသွင်းလိုက် တယ်။ ပြီးတော့. . . တစ်လုံးချင်း အသံမှန်နဲ့ပဲ ပြန်ဖြေလိုက်ပါ တယ်။

"ကျွန်မ မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို မသိပါဘူးလို့ ညာလိုက်ရတဲ့အတွက်. . ကျွန်မ တကယ့်ကို စိတ်မကောင်းပါဘူး။

ဒါပေမယ့် ကျွန်မရဲ့လက်ရှိအခြေအနေက ညာမှကို ဖြစ်မှာမို့လို့ပါ။

ဒေါ်နန်းကေရီက ဘာမှဆက်မပြောတော့ပါဘူး။

ဒါပေမယ့် သူ့ရဲ့သန်းကျော်တန် လက်ကိုင်အိတ်ကို မလို အပ်ဘဲ လက်ချောင်းတွေနဲ့ တဒေါက်ဒေါက် ခေါက်နေပါတယ်။

ကျွန်မ ဒေါ်နန်းကေရီရဲ့လက်ချောင်းတွေကို ကြည့်လိုက်မိတဲ့အချိန်မှာ မျက်လုံးတွေထဲ ပြာဝေသွားပါတယ်။

ဒေါ်နန်းကေရီရဲ့ ဘယ်ဘက်လက်သူကြွယ်မှာ စွပ်ထားတဲ့လက်စွပ်ဟာ. . ကျွန်မကို ကိုကိုလက်ထပ်ပါ့မယ်လို့ ကတိကဝတ်အနေနဲ့ ပေးထားတဲ့လက်စွပ်နဲ့ တထပ်ထဲပါပဲ။

အသည်းပုံ စိန်ရှစ်လုံး လက်စွပ်လှလှကလေးပါပဲ။

အဲဒီလက်စွပ်ကို မြင်လိုက်ရပြီးတဲ့နောက်မှာ ကျွန်မရဲ့ ခေါင်းထဲ မူးနောက်ကိုက်ခဲသွားရပါတယ်။

သေချာပါတယ်။ ဒါ သူ ကျွန်မကို လက်စွပ်ကို တမင်မြင်စေချင်လို့ ဖန်တီးလိုက်တာပါ။

တဆက်ထဲမှာပဲ ပိုပြီးခေါင်းကိုက်စရာ အခြေအနေကို ကျွန်မကြုံလိုက်ရပါတယ်။

အဲဒီပိုက်ဆံအိတ်ရဲ့အောက်မှာ ဖိထားတဲ့ ဓါတ်ပုံသုံးလေးပုံကို တဝက်တပျက် လှမ်းမြင်လိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လှမ်းမြင်လိုက်ရတဲ့အပိုင်းက ကိုကို့ဘက်အခြမ်းပါ။

ပိုက်ဆံအိတ်နဲ့ ဖိထားခြင်းခံရတဲ့ မမြင်ရတဲ့ဘက်အခြမ်းက. . ကျွန်မရဲ့ပုံများ ဖြစ်နေမလား!. . .။

သေချာပါတယ်။ ဒါ ကျွန်မနဲ့ကိုကိုရဲ့ စုံတွဲဓါတ်ပုံတွေ ဖြစ်မှာပါ။

ဓါတ်ပုံထဲက ကိုကို့ရဲ့အဝတ်အစားတွေကို ကြည့်ခြင်းအားဖြင့်. . ကိုကိုနဲ့ကျွန်မ ငွေဆောင်သွားတုန်းက တစ်ယောက်ယောက်က ချောင်းရိုက်ထားတဲ့ပုံတွေ ဖြစ်ပါလိမ့်မယ်။

ဒီဓါတ်ပုံတွေကို ပြထားခြင်းအားဖြင့် ကိုကိုနဲ့ ကျွန်မရဲ့ ဇာတ်လမ်းကို သူသိထားတယ်လို့ စိန်ခေါ်ချင်တာ သေချာနေပါပြီ။

ဓါတ်ပုံထဲက ကိုကိုကတော့ ပျော်ရွှင်စွာ ပြုံးပြနေပါတယ်။

ကျွန်မကတော့. . .

မိစ္ဆာတစ်ကောင်ရဲ့ရှေ့မှာ တုပ်နှောင်ခံထားရသလို စိတ်တွေ လေးလံကြပ်ခဲလို့နေပါတယ်။

ကျွန်မ ချက်ချင်းပဲ ဒေါ်နန်းဇေရီရဲ့ရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နေမထိထိုင်မသာ ဖြစ်ရလွန်းတာနဲ့ အနောက်ခန်းထဲ ဝင်လာခဲ့မိပါတယ်။

တံခါးကို လော့ခ်ချပြီး . . လက်စွပ်ကို ဆွဲချွတ်နေမိတယ်။

ဒီလက်စွပ်ကို ကျွန်မ ဝတ်မထားရဲတော့ဘူး။

လက်စွပ်က မိစ္ဆာတစ်ကောင်လို ကျွန်မကို ပြန်ခြောက်လှန့်နေပါတယ်။

ကျွန်မ လက်စွပ်ကို ချွတ်မှဖြစ်တော့မယ်၊ ဒီလက်စွပ်ကို ဒေါ်နန်းစကာရီ မြင်လို့မဖြစ်ဘူး။

မဝတ်ချင်တော့ပါဘူးဆိုမှ . . လက်စွပ်က ကြပ်နေလိုက်တာ . . ဘယ်လိုမှ ချွတ်လို့မရဘူး။

ကျွန်မ ဘေစင်ဆီ လျှောက်လာပြီး . . ရေဖွင့်ပြီးလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းတွေကို ရေနဲ့ဆေးလိုက်တယ်။

ရေနဲ့ထိလည်း လက်စွပ်က ချောင်မလာဘူး။

ဘယ်လိုလုပ်ရမလဲ!. . ။

ဆပ်ပြာနဲ့ လက်ကိုဆေးကြည့်မယ်။ ဆပ်ပြာကချော တော့ လက်စွပ်ကျွတ်မှာ သေချာပါတယ်။

ကျွန်မ ဆပ်ပြာအထပ်ထပ် တိုက်ပြီး ချွတ်ချလည်း မရပါ ဘူး။ လက်စွပ်က အသားထဲ နစ်ဝင်နေသလို မြဲမြဲနေလိုက်တာ။

ကျွန်မ တကယ်ပဲ ဝိုချချင်စိတ် ပေါ်လာရတော့တယ်။

ဒီအချိန်က ဧည့်သည်တွေကို ကော်ဖီတိုက်ရမယ့်အချိန် ပဲ။ ကျွန်မ သူ့ကို ကော်ဖီသွားပို့ရတော့မှာ. . ။

မတတ်နိုင်ဘူး. . အသည်းပုံစိန်လုံးတန်းကို လက်ချောင်း ရဲ့အောက်ဘက် ရွှေ့လိုက်ရပြီး ကော်ဖီတစ်ခွက်ကို ဖျော်လိုက်ရ တယ်။

ကျွန်မရဲ့လှုပ်ရှားမှုတွေဟာ အသက်မပါသလို နွေးကွေး လေးကန်နေမှာ သေချာပါတယ်။

ကော်ဖီပန်းကိုယူပြီး ကျွန်မ အရှေ့ဘက် ပြန်ထွက်ခဲ့ရပြန် တယ်။

ကျွန်မ,မမြင်ချင်တဲ့ မျက်နှာသေ အေးစက်စက်ကြီးနဲ့ မျက်နှာချင်း ဆိုင်ရပြီးမှာပေါ့။

ကျွန်မ သူ့ဘေးမှာ အသာရပ်လိုက်တယ်။

သူ သိပါတယ်. . ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ဘေးကို ရောက်လာတာကိုသိတဲ့ အနေအထားနဲ့ မျက်လုံးကို ထောင့်ကပ်ကြည့်တယ်။

သူ့အကြည့်က ကော်ဖီပန်းဆီ ရောက်နေတာမို့ . . ပန်းအောက်က လက်စွပ်ဝတ်ထားတဲ့ ကျွန်မရဲ့လက်သူကြွယ် လက်ချောင်းကို မလုံခြုံသလို ခံစားနေရတယ်။

"မမ . . ကော်ဖီသောက်ပါဦး"

ကရုဏာက အယဉ်ကျေးဆုံးဖြစ်အောင် ကြိုးစားပြီး ဧည့်ဝတ်ပြုလိုက်ပါတယ်။

ကရုဏာအသံကို သူကြားလောက်မှာ ဖြစ်ပေမယ့် . . လှည့်မကြည့်ပါဘူး။

ကရုဏာ နောက်တစ်ခွန်း ထပ်ပြောလိုက်ပါတယ်။

"မမ . . ကော်ဖီသုံးဆောင်ပါဦး"

ကရုဏာ လေသံကိုမြှင့်ပြီး ပြောလိုက်တာဖြစ်ပေမယ့် လုံးဝလှည့်မကြည့်ပါဘူး။

ဒီတစ်ခါတော့ တမင်လှည့်မကြည့်မှန်း သိသာပါတယ်။

ကရုဏာ နည်းနည်းတင်းသွားရတယ်။

အသံကျယ်ကျယ်လေး အော်ပေးလိုက်တယ်။

"မမ . . ကော်ဖီ . . "

နား,နားကပ်ပြီး ခပ်ကျယ်ကျယ်လေး အော်လိုက်တော့မှ ဒေါသတကြီးမျက်လုံးတွေနဲ့ ဆတ်ခနဲ လှည့်ကြည့်တယ်။

ကရုဏာ စားပွဲထုတ်ပြီး ကော်ဖီပန်းကန်ကို တင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

ခူးထောက်ထိုင်ပြီး ကော်ဖီပန်းကန်ကို တင်အပြီး ကြမ်းပြင်မှာ ခါတ်ပုံတစ်ပုံ မှောက်လျက်သား ကျနေတာတွေ့လို့. . ကောက်ပေးမလို့ လက်ပြင်လိုက်ဆဲမှာ. . .

အဲဒီအမျိုးသမီးရဲ့လက် လှစ်ခနဲ လှုပ်လိုက်တာ. . မြင်လိုက်ရတယ်။

စားပွဲပေါ်က ကော်ဖီပန်းကန် ကျလာတာ. . . မျက်လုံးထောင့်က ဖျတ်ခနဲ မြင်လိုက်ပေမယ့် ကရုဏာ ရှောင်ဖို့ အချိန်မရှိလိုက်ဘူး။

"အား!. ."

လက်ဖျံတစ်ခုလုံး ဖြန်းခနဲ ကော်ဖီတွေ ပူလောင်စွဲစိုသွားတယ်။

အပူလောင်တဲ့ဒဏ်ဟာ. . အသည်းကို တဆတ်ဆတ်ခါစေပါတယ်။

ကရုဏာ သူ့ကို တစ်ခုခု လက်တုံ့ပြန်လိုက်ချင်ပေမယ့် အံကို တင်းတင်းကြိတ်ပြီးတော့သာ အောင့်အည်းနေလိုက်ရတယ်။ ဒါ တမင်လုပ်လိုက်တဲ့အပြုအမူမှန်း ကရုဏာသိပါတယ်။

စိတ်ထဲကနေ. . .

ဒီအမျိုးသမီး ဒီလေယာဉ်ပေါ်မှာတင် နေ့မကူးဘဲ အမြန်သေပါစေလို့ ကျိန်ဆဲလိုက်မိတယ်။

ကရုဏာ ကျိန်ဆဲပြီးတာနဲ့ တပြိုင်နက်. . လက်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



အောက်လှည့်ထားတဲ့လက်စွပ်ဟာ သူ့အလိုအလျောက် အပေါ်ကို ပြန်ရောက်လာတော့ ကရုဏာ လန့်ဖျတ်သွားရတယ်။

ကရုဏာ ကွဲသွားတဲ့ ကော်ဖီပန်းကန်အပိုင်းအစတွေကို လင်ဗန်းထဲ မြန်မြန်ကောက်ထည့်ပြီး လှည့်ထွက်ခဲ့ပါတယ်။

အနောက်ခန်းထဲရောက်တာနဲ့ ပန်းကန်အကွဲတွေကို ဘေစင်ထဲ ပစ်ထည့်ပစ်လိုက်တယ်။ ကော်ဖီနောက်ထပ်တစ်ခွက် ထပ်ဖျော်ဖို့ ပြင်ဆင်ရပြန်တယ်။

ဒီလိုအဖြစ်အပျက်မျိုး တစ်ခါမှ မကြုံတွေ့ခဲ့ရဖူးတာမို့ ကရုဏာ စိတ်ကိုအရှည်ဆုံးဖြစ်အောင် ဆွဲဆန့်ထားရတာပါ။

ကိုယ့်ကိုယ်ကိုယ် အတော်လည်း အောက်တန်းနောက်တန်းကျရသလို ခံစားရပါတယ်။

ဒါပေမဲ့ ကရုဏာစိတ်ထဲ ဒီမိန်းမကို ခပ်ချဉ်ချဉ်တော့ ဖြစ်သွားရတာမို့ တစ်ခုခု လက်တုံ့ပြန်ချင်စိတ်ကို ထိန်းမရနိုင်ပါဘူး။

ကော်ဖီခွက်ထဲ ဝမ်းနှုတ်ဆေးလေး ထည့်ပေးလိုက်ပါတယ်။

နည်းနည်းတော့ ကျေနပ်သွားရပြီး မျက်နှာပေါ် အပြုံးလေးတစ်ခု ပြန်တပ်လိုက်ရင်း. . . ဒေါ်နန်းစကေရီကို ကော်ဖီထပ်ပေးဖို့ ကြိုးစားလိုက်ပါတယ်။

"မမ. . ကော်ဖီသောက်ပါဦးရှင့်"

ကရုဏာရဲ့အသံက ဒီတစ်ခါတော့ လိုအပ်တာထက် ပို



www.burmeseclassic.com

www.burmeseclassic.com


ချိုသွားသလားပဲ။

ဒေါ်နန်းကေရီ ရိပ်မိသွားတယ် ထင်ပါရဲ့။

ခပ်စွေစွေ လှည့်ကြည့်ပြီး. . .

"တို့ . ကော်ဖီနဲ့ မတည့်ဘူး"

လို့ ငြင်းပါတယ်။

အင်း. . . ဒီမိန်းမ ကံကောင်းသွားတာပေါ့။

ဝမ်းနှုတ်ဆေးပါတဲ့ ကော်ဖီခါးခါးလေးနဲ့ . ကပ်လွဲသွားခဲ့တယ်။

ကရုဏာလည်း ကော်ဖီဗန်းကိုင်ပြီး ပြန်လှည့်ထွက်မယ် အလုပ်မှာ. . .

"တို့ . ထမင်းစားချင်တယ်"

ပြဿနာပဲလို့ ကရုဏာစိတ်ထဲက ညည်းလိုက်မိတော့တယ်။ ဒါ . ထမင်းစားချိန်မှ မဟုတ်ဘဲ။

ဒါပေမယ့် ကရုဏာမှာ ငြင်းပိုင်ခွင့်မှ မရှိဘဲ။

ခေါင်းအသာငြိမ့်ပြလိုက်ရင်း. . .

"ဟုတ်ကဲ့. . . ပြင်ပေးပါ့မယ် မမ"

လို့ ရွှေစိတ်တော် မညိုအောင် ပြောရတော့တာပေါ့။

"ခဏနေဦး. ."

လှည့်ထွက်လုဆဲဆဲ ကရုဏာရဲ့ခြေထောက်တွေ တွန့်ခနဲဖြစ်သွားရတယ်။

ဘာများပြောဦးမှာလဲ!. . ။


www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစ်ချက်ငုံ့ကြည့်လိုက်တော့ ကရုဏာကို စူးစူးရဲရဲ စိုက်ကြည့်နေတဲ့ မျက်လုံးတွေကြောင့် ရင်ထဲ ထိတ်ခနဲဖြစ်သွားရတယ်။

သူ့မျက်လုံးတွေက နီရဲတောက်ပနေတယ်။

ကရုဏာ အသက်ကို ပုံမှန်ဖြစ်အောင် မနည်းပြန်ရှူနေရတယ်။

"ဘာများအလိုရှိပါသလဲ မမ!. . ."

"မင်းရဲ့လက်စွပ်က အတော်လှတယ်နော်"

သွားပြီ. . ။

လက်စွပ်ကို သူ သတိပြုမိသွားပြီ။

ခုနက လက်စွပ် အပေါ်ကိုပြန်လည်လာတော့ အောက်ကိုပြန်ရွှေ့ဖို့ မေ့သွားခဲ့တာ ကရုဏာရဲ့ချွတ်ယွင်းချက်ပဲ။

"မင်းကို ဘယ်သူပေးထားတာလဲ!. . ။ မင်းလခနဲ့တော့ ဒီလိုအရည်အသွေး အလွန်ကောင်းတဲ့စိန်လက်စွပ်မျိုး ဝယ်နိုင်ဖို့ မလွယ်ဘူး"

ကြည့်စမ်း. . . ဘယ်လောက်စော်ကားလိုက်တဲ့ စကားလဲ။

သူ ကျွန်မကို ခုလို စော်ကားရိုင်းပျပိုင်ခွင့် ရှိသလား!. . ။

"ခဏလောက် ချွတ်လိုက်စမ်းပါ. . . ကြည့်ချင်လို့"

သူ သိပ်လွန်လာပြီ။

သူ့ရှေ့မှာနေရတာ ကျွန်မရဲ့စိတ်တွေ သိပ်ကို မွန်းကြပ်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။

"သိပ်ကျပ်နေတယ်"

ကျွန်မ ခပ်ညည်းညည်း ပြောလိုက်တယ်။

ဆပ်ပြာနဲ့တိုက်ပြီးတော့တောင် ချွတ်မရတဲ့ လက်စွပ်ကို ကျွန်မ ဘယ့်နှယ်လုပ် ချွတ်ပေးလို့ရမှာလဲ။

နီရဲတောက်ပနေတဲ့ သူ့မျက်လုံးတွေက ကြောက်စရာ ကောင်းလောက်အောင် ပြိုးပြိုးပြက်ပြက်အရောင်တွေ ထွက်ပြီး ကျွန်မရဲ့လက်စွပ်ကို စိုက်ကြည့်တယ်။

သူ့အကြည့်က လက်စွပ်ကို ညှို့နေသလိုပါပဲ။

အသည်းထဲ စိမ့်အေးနေအောင်. . . သိပ်ကြောက်စရာ ကောင်းပါတယ်။

အဲ့ဒီနောက်. . သူက လက်ဝါးဖြန့်ခံလိုက်တယ်ဆိုရင်ပဲ ခုနက ကျွန်မ ဘယ်လိုမှချွတ်မရခဲ့တဲ့ လက်စွပ်ဟာ. . အလွယ် တကူပဲ သူ့ လက်ဖဝါးထဲ ပြုတ်ကျသွားခဲ့တယ်။

"အို!. ."

အဖြစ်အပျက်က အံ့သြစရာကောင်းလွန်းလို့. . ကျွန်မ ပါးစပ်အဟောင်းသား ဖြစ်သွားရတယ်။

ပြီးတော့. . အဲ့ဒီအမျိုးသမီးကိုလည်း ကြောက်လွန်းလို့ နောက်ကို သိသိသာသာကို ဆုတ်လိုက်မိတယ်။

ဒေါ်နန်းစေရီက ကျွန်မရဲ့လက်စွပ်ကို သေသေချာချာ လှည့်ပတ်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်ကို ကြည့်ရင်းကနေ ကျွန်မဆီ ဖျတ်ခနဲ အကြည့် ရွေ့တော့ ကျွန်မရင်ထဲ ဒိန်းခနဲဖြစ်သွားတယ်။

သူ. . သူ. . ကျွန်မကို ဘာပြောမှာလဲ။

ကျွန်မ ထိတ်လန့်နေတုန်းမှာ သူက ကျွန်မကို အေးခဲလှတဲ့ လေသံနဲ့ စကားစ,ပြောပါတယ်။

"ဒါ မင်းကို ယောကျ်ားတစ်ယောက်ယောက်က လက်ထပ်ပါ့မယ်လို့ ကတိပေးပြီး လက်ဆောင်ပေးထားတဲ့လက်စွပ်ပဲ ဖြစ်ရမယ်"

သူ. . သူ. . သိနှင့်ပြီးသားပေါ့။

လေယာဉ်ထဲမှာ သူနဲ့ကျွန်မ နှစ်ယောက်ထဲ. . ။

ပိုင်းလော့တွေက ရှေ့ခန်းမှာ သီးခြားနေကြတာ. . ။

သူ အခုနေ ကျွန်မကို တစ်ခုခုများ လုပ်လိုက်ရင်. . .။

ကျွန်မ တုန်လှုပ်ရှလွန်းလို့ ထိုင်ခုံနောက်မှီကို နောက်ပြန် ဆုပ်ကိုင်ထားမိတယ်။

"ဒီလက်စွပ်နဲ့ ထိုက်တန်တဲ့ တန်ရာတန်ကြေးလည်း မင်းသူ့ကို ပေးဆပ်ပြီးလောက်ရောပေါ့။ တကယ်တော့ ယောကျ်ားဆိုတာ သူတို့ပေးတာထက်ကို ပိုလိုချင်တဲ့လူစားမျိုးကွ. . မင်းသိရဲ့လား!. . "

ကျွန်မ ရှက်စွံ့အားငယ်စွာနဲ့ ခေါင်းငုံ့ချလိုက်မိပါတယ်။

တကယ်တော့ ကျွန်မနဲ့ ကိုကိုရဲ့ကြားမှာ အပေးအယူ မရှိပါဘူး။ အချစ်ပဲ ရှိပါတယ်ဆိုတာ ကျွန်မ သူ့ကို ဘယ်လိုရှင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမှာလဲ. . ။

လောလောဆယ်တော့ ကျွန်မ သူ့ကို သိပ်ကြောက်နေမိလို့ ဘာတစ်ခွန်းမှ မပြောရဲပါဘူး။

"ဟော့. . . တိုက်ဆိုင်လိုက်တာ၊ ဒီမှာကြည့်စမ်း. . . မင်းလက်စွပ်နဲ့ ငါ့လက်စွပ်က အတော့်ကို တူတာပဲ. . . ချွတ်စွပ်ပဲကိုးကွ. . "

သူက ကျွန်မလက်စွပ်နဲ့ သူ့လက်စွပ်ကို ယှဉ်ပြလိုက်တဲ့အချိန်မှာ ကျွန်မ မျက်နှာတစ်ပြင်လုံး ထူပူသွားခဲ့ရပါတယ်။

ဒီအမျိုးသမီးနဲ့ ဆင့်တူလက်စွပ်ကိုမှ ပေးရက်လေခြင်းလို့ ကျွန်မ ကိုကို့အပေါ် ပထမဆုံးအကြိမ်အဖြစ် နာကျင်သွားမိပါတယ်။

ကိုကို သိပ်ရက်စက်တာပဲ. . ။

"ငါ့လက်စွပ်ကလေးရဲ့သက်တမ်းက ဆယ်နှစ်ကျော်ပြီကွ၊ ငါတို့အိမ်ထောင်သက်တမ်းကလည်း ဆယ်နှစ်ကျော်ပြီလေ၊ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းကတော့ ငါတို့နှစ်ယောက် သိပ်ပျော်ခဲ့ကြတာပေါ့၊ တစ်ယောက်ကိုတစ်ယောက်လည်း အရူးအမူးပေါ့၊ အခုတော့ အချိန်တွေ ကြာလာတာနဲ့အမျှ ငါတို့အိမ်ထောင်ရေးက သွေးအေးလာခဲ့တယ်၊ ဒါပေမယ့် ငါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လိုအပ်နေတုန်းပါပဲ၊ ငါက သူ့ရဲ့အမြဲတမ်း ပွဲတက်မယားပဲလေ၊ တစ်ချို့. . မလိုတဲ့သူတွေကတော့ ငါတို့နှစ်ယောက်ကို ကွာရှင်းပြီးပြီလို့ ပြောကြတယ်၊ အဲဒီကောလာဟ



www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲတဲ့စကား မရှိတော့ဘူး၊ ငါနဲ့သူနဲ့ ဘယ်တော့မှ ကွာရှင်းကြမှာမဟုတ်ဘူး၊ လူတွေ မသိကြသေးတဲ့အကြောင်းတွေ ရှိသေးတယ်၊ တကယ်တော့ သူက သူဌေးဆိုတဲ့ နာမည်ခံပဲရှိတာ၊ လုပ်ငန်းတွေအကုန်လုံးက ငါ့အမွေတွေနဲ့ အရင်းအနှီးလုပ်ပြီး ထောင်ထားတာ၊ သူ ငါ့ကို ဘယ်လိုလုပ် ကွာရှင်းခိုင်းရဲမလဲ”

ကရုဏာရဲ့ခန္ဓာကိုယ်တစ်ခုလုံး အိုးထိန်းစက်လို ချာချာလည်သွားရပါတယ်။

ဒါဆို ကိုကို ကရုဏာရဲ့အချစ်ကို လိမ်ညာပြီး အရယူခဲ့တာပဲ။ ကိုကို့ကို ကွာရှင်းပြီးသား ထင်လို့သာ ချစ်ခဲ့မိတာပါ။

အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်မှန်း သိရက်နဲ့ ချစ်ခဲ့ရလောက်အောင်တော့ ကရုဏာ မမိုက်မဲရဲပါဘူး။

ကရုဏာ တကယ့်ကို မသိခဲ့လို့ ဖြစ်ခဲ့ရတာပါလို့ သူ့ကို ဖြေရှင်းပြချင်ပါတယ်။

ဒါပေမယ့် သူ လုံးဝလက်ခံမှာ မဟုတ်ပါဘူး။

ယုံကြည်မှာလည်း မဟုတ်ဘူး။

သူက ဆက်ပြောပြန်ပါတယ်။

သူ ဆက်ပြောတဲ့အကြောင်းအရာတွေက ကရုဏာကို ပိုပြီးထိတ်လန့်ချောက်ခြားစေပါတယ်။

“မင်း . . သိလား၊ ဒီလို ဆင်တူလက်စွပ်မျိုး မိန်းကလေးတစ်ယောက်ရဲ့လက်မှာ ငါတွေ့ဖူးသေးတယ်၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်က . . .”

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ။

ဒါ . . ဒါ . . ဘာအဓိပ္ပါယ်ပါလိမ့်။

ကိုကိုဟာ ချစ်ခွင့်ရခဲ့တဲ့ မိန်းကလေးတိုင်းကို ဒေါ်နန်းကေရီရဲ့ လက်ထပ်လက်စွပ်နဲ့ ဆင်တူလက်စွပ်မျိုး ပေးလေ့ရှိသတဲ့လား။

ဒါဆို ကိုကိုဟာ အချစ်တွေကို လိမ်ညာပြီး အရယူလေ့ရှိသူပေါ့။

"မင်းစိတ်ဝင်စားလား၊ အဲဒီမိန်းကလေးကို ငါ သွားတွေ့ခဲ့တယ်၊ သူက နည်းနည်းစွာတယ်၊ ငါ့ကို မချေမင့် ပြန်ပြောခဲ့တယ်၊ နောက်မဆုတ်ဘူးလို့လည်း စိန်ခေါ်ခဲ့တယ်၊ ငါ သူ့ကို ဘာလုပ်ခဲ့သလဲ မင်းသိချင်လား!. ."

ကျွန်မ. . ကျွန်မ တံတွေးတစ်ချက်မျိုချလိုက်မိတယ်။

လည်ချောင်းထဲမှာ ကြပ်ခဲပူလောင်နေသလိုပဲ။

သူ. . မိန်းကလေးကို ဘာလုပ်ခဲ့ပါလိမ့်။

ပါးရိုက်ခဲ့သတဲ့လား။

ဘဝတစ်ခုလုံး နလန်ပြန်မထူနိုင်အောင် ဖြိုခွဲပစ်ခဲ့သလား။

တကယ်တမ်းမှာ သူပြောပြသောအဖြစ်အပျက်မှာ ထင်ထားတာထက် အများကြီး ပိုပြီးသွေးပျက်စရာကောင်းခဲ့ပါတယ်။

"ငါ သူ့ကို သွေးပွက်ပွက်အန်ပြီး အသေဆိုးနဲ့ သေပါစေလို့ ကျိန်ဆိုလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘုရား . . ဘုရား . . ။

ကရုဏာ ဒူးတွေ ခွေညွတ်ကျတော့မလို ဖြစ်သွားရတာမို့ ခုံမှာ ကမန်းကတန်း ဝင်ထိုင်လိုက်ရပါတယ်။

မျက်လုံးတွေထဲလည်း ပြာဝေကုန်တယ်။

မျက်နှာကို လက်ဝါးနဲ့ အုပ်ထားမိတော့တယ်။

"တကယ်ပဲ . . ငါ သူ့ကို ဘာမှမလုပ်လိုက်ရဘဲ . . ငါ့ ပယောဂလုံးဝမပါဘဲ သူ့အကုသိုလ်နဲ့သူ သေသွားရရှာတာ . . ၊ သေခါနီးမှာတော့ သွေးရဲရဲ သံရဲရဲကြားက ငါ့ကိုခွင့်လွှတ်ပါလို့ အထပ်ထပ်အခါခါ တောင်းပန်ခဲ့ရှာပါတယ်၊ ဒါပေမယ့် ငါ ဘာမှ မတတ်နိုင်တော့ဘူး၊ ငါ့ကျိန်စာက လက်လွန်သွားခဲ့ပြီလေ"

သူ ပြောနေတဲ့ပုံက မြိန်ရေယှက်ရေ နိုင်လှပါတယ်။

အေးစက်စက်လေသံကြီးနဲ့ တစ်လုံးချင်း ပြောနေပုံက ကရုဏာကို တမင်ခြောက်လှန့်နေမှန်းလည်း သိသာပါတယ်။

"ငါ့ကိုယ်ငါမို့ အမွန်းတင်ပြောတာတော့ မဟုတ်ပါဘူး၊ ငါ့မှာ စိတ်တန်ခိုးရှိတယ် ထင်ပါရဲ့၊ ငါက အရမ်းနှုတ်စီးတယ်၊ ငါ ကျိန်စာတိုက်ရင် အဲ့ဒီလူဟာ ငါ့ကျိန်စာအတိုင်း ဖြစ်ကိုဖြစ်ရ တော့တာပဲ၊ ဟိုမိန်းကလေးရဲ့အဖြစ်အပျက်ကိုကြည့်ပြီး အဲ့ဒါကို ငါပိုယုံကြည်လာတယ် . . . ၊

အဲ့ဒီအတွက် ငါထပ်ပြီးကျိန်ဆိုလိုက်တယ်"

ဘုရား . . ဘုရား . . ။

ကရုဏာရဲ့ရင်တွေ တလှပ်လှပ် ခါလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ. . သူ. . . ကရုဏာကိုရော ဘယ်လိုများ ကျိန်စာ တိုက်ထားပါလိမ့်။

သူက ကရုဏာရဲ့ လက်စွပ်ကလေးကို မြင်သာအောင် မြှောက်ပြလိုက်ပြီး. . .

"ငါ့ယောကျ်ားကပေးတဲ့ ပောဒီလိုမျိုး. . စိန်ရှစ်လုံးစီ အသည်းပုံလက်စွပ်ကို ဝတ်ခဲ့မိတဲ့ ဘယ်မိန်းကလေးမဆို အသေ ဆိုးနဲ့ သေပါစေလို့ ငါကျိန်ဆိုခဲ့တယ်"

မြတ်စွာဘုရား. . .

ဘယ်မိန်းကလေးမဆို. . .

ဒါ. . ဒါဆို. . ကရုဏာလည်း. . .

ကရုဏာ ဘုရားကို အခါခါ တ,မိရင်း ရင်ဘတ်ကိုဖိထား လိုက်မိတယ်။

"ငါ့ကို စိတ်နှလုံးမချမ်းမြေ့အောင် နှောင့်ယှက်တဲ့ မိန်းမ တွေ ငါ့လို စိတ်နှလုံး မချမ်းမြေ့ရပါစေနဲ့ ငါ့လို ကြေကွဲရပါစေလို့ ထပ်ဆင့်ကျိန်ဆိုလိုက်တယ်၊ ငါဟာ သူတို့ကို ရှင်လျက်နဲ့ ကလဲ့ စား မချေရရင် ဝိညာဉ်ဘဝနဲ့ ကလဲ့စားချေခွင့် ရ,ရပါစေသားလို့ ဖြည့်စွက်ကျိန်ဆိုလိုက်တယ်"

အား. . .

ကရုဏာ စိတ်ထဲကနေ အကျယ်ကြီး အော်ပစ်လိုက်မိ တယ်။

ဒီမိန်းမရဲ့ရှေ့မှာ ဆက်မနေရဲတော့ဘူး. . .။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက တစ်မ့်စိမ့်နေအောင် ဒီမိန်းမကို ကြောက်လန့်နေမိတယ်။

ကရုဏာ ဒယိမ်းဒယိုင်နဲ့ အနောက်ခန်းထဲ ဝင်ပြေးဖို့ ခြေလှမ်းလိုက်တယ်။

"ခဏနေဦး. . ."

ရုတ်တရက်ကြီး တားမြစ်သံ ထွက်ပေါ်လာတော့. . ကရုဏာရဲ့ကျောပြင်တောင် ဆတ်ခနဲ တုန်သွားရတယ်။

"ကော်ဖီပြန်ယူသွား. . . ထမင်းပဲစားချင်တယ်"

"ဟုတ်. . ဟုတ်ကဲ့. ."

ကရုဏာ မနည်းဖျစ်ညှစ်ပြီး အသံကို ထုတ်ယူရတာပါ။

ကော်ဖီပန်းကန်ကိုသိမ်းဖို့ ကရုဏာ ဒူးထောက်ထိုင်ချလိုက်ရတယ်။

အဲ့ဒီအချိန်မှာ အမျိုးသမီးက 'ရော့'ဆိုပြီး ကရုဏာကို လက်စွပ်လှမ်းပေးပါတယ်။

တကယ်တော့. . ဒီလက်စွပ်ကို ကရုဏာ လုံးဝမစွပ်ချင်တော့ပါဘူး။ ဘယ်လောက်တန်ဖိုးကြီးကြီး မပိုင်ဆိုင်ချင်တော့ပါဘူး. . ။

လက်စွပ်ကို မက်မောတဲ့စိတ်ထက် ကျိန်စာကို ကြောက်တဲ့စိတ်က ရင်ထဲမှာ ပိုကဲနေပါတယ်။

ကရုဏာ တုန်တုန်ယင်ယင်နဲ့ လက်စွပ်ကို လှမ်းယူလိုက်တဲ့အချိန်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ဖျတ်ခနဲ လက်စွပ်ကို ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်။ ဘယ်လောက်ရင့်သီးလိုက်တဲ့ အပြုအမူလဲ. . .။

ကရုဏာ 'အို'ခနဲ အသံထွက် မြည်တမ်းလိုက်မိပြီး ကြမ်းပြင်ပေါ်က ကောက်ယူဖို့ ကြိုးစားလိုက်ပါတယ်။

ဒီတစ်ခါမှာတော့ အမျိုးသမီးက လက်စွပ်ကို ဖိနပ်ဦးနဲ့ နင်းထားတယ်။

ဒါတော့ ရိုင်းပျလွန်းလှပါပြီ။

သူ. . ကရုဏာကို တမင်ချိုးနေတာပါ။

ကရုဏာ မဝံ့မရဲ မော့ကြည့်လိုက်တော့မျက်နှာကို လေယာဉ်ပြတင်းအပြင်ဘက် မျက်နှာမူထားတယ်။

တမင် မမြင်ဟန်ဆောင်နေတာ သိသာလှပါတယ်။

ကရုဏာ လက်ကိုပြန်ရုပ်လိုက်ပါတယ်။

ဖြစ်နိုင်ရင် စိတ်ထဲမှာ ဒီလက်စွပ်ကို အငွေ့ပျံ ပျောက်ပျက်သွားပါစေလို့ ဆုတောင်းနေမိတယ်။

ကရုဏာ လက်ကိုရုပ်လိုက်တာနဲ့ တစ်ပြိုင်နက် ဒေါ်နန်းစေကြီကလည်း လက်စွပ်ကို နင်းထားတဲ့ဖိနပ်ကို ဖျတ်ခနဲ ဖယ်ပေးပါတယ်။

ကရုဏာ လက်စွပ်ကို ကမန်းကတန်းကောက်ပြီး အနောက်ခန်းထဲ ပြေးဝင်လာခဲ့ပါတယ်။ အနောက်ခန်းထဲ ရောက်တာနဲ့ ကော်ဖီခွက်ကို ဘေစင်ထဲ ပစ်ထည့်ခဲ့ပစ်လိုက်တယ်။

ကျိန်စာဆိုးတိုက်ထားတဲ့ ဒီလက်စွပ်ကိုလည်း ဒေါသတ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ လွှင့်ပစ်ဖို့ ကြိုးစားလိုက်တယ်။

ဒါပေမယ့် . . . မရပါဘူး။

အံ့ဩဖို့ကောင်းလောက်အောင် လက်စွပ်ဟာ ကရုဏာ ရဲ့လက်ထဲ မြဲမြဲနေပြီး လက်သူကြွယ်မှာ လျှောခနဲ ပြန်ဝင်နေရာ ယူသွားပါတော့တယ်။

ကရုဏာ ဗီရိုဖွင့်ပြီး ဒေါ်နန်းကေရီအတွက် နေ့လည်စာ ထမင်းပွဲကို စိတ်မပါလက်မပါနဲ့ ပြင်ပေးနေမိတယ်။

ဒီမိန်းမကို အဆိပ်သာ လက်ထဲအဆင်သင့်ရှိရင် အဆိပ် ခတ်သတ်မိမယ် ထင်ပါရဲ့။

သူသာသေရင် ကရုဏာလောက် ဝမ်းသာပျော်ရွှင်မယ့် သူ ရှိမှာမဟုတ်တော့ဘူး။ ကိုကိုလည်း ပျော်သွားမှာ သေချာပါ တယ်။

ကိုကို့ကို သတိရမိတော့ အိမ်ထောင်ပျက်တစ်ယောက် ဆိုပြီး သနားစဖွယ် ဇာတ်လမ်းဆင်ပြီး ကရုဏာရဲ့အချစ်ကို လိမ် ညာယူရက်ခဲ့တာ နာကြည်းမိတယ်။

"ငရဲကျနေရသလိုပဲ . . ၊ ဒီစုန်းအိုမကြီးနဲ့ အတူနေရတဲ့ ဘဝဟာ စည်းစိမ်ချမ်းသာ ဘယ်လောက်ပဲရှိရှိ မချစ်မနှစ်သက် သူနဲ့ အတူနေရတာ ပျော်ရွှင်ကြည်နူးစရာ တစ်စက်မှမရှိဘူး"

အဲ့ဒါ ကိုကိုညည်းညူခဲ့ဖူးတဲ့ စကားတစ်ခွန်းပါ။

အဲ့ဒီကထဲက ကိုကို ကရုဏာကို စိတ်ဝင်စားနေတယ်ဆို တာ ရိပ်မိခဲ့ပေမယ့် အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်မို့ . .



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာ ခပ်တင်းတင်းပဲ ဆက်ဆံခဲ့ပါတယ်။

"ကျွန်မကို သိပ်အရောတဝင် မလုပ်ပါနဲ့ ဦးသတိုးသခ်၊ ကျွန်မ အိမ်ထောင်ရှိတဲ့ယောက်ျားတွေနဲ့ ရင်းရင်းနှီးနှီး မနေချင်လို့ပါ၊ ဦးသတိုးသခ်ရဲ့ အမျိုးသမီး မြင်ရင်လည်း ကြိုက်မှာမဟုတ်ပါဘူး၊ ကျွန်မ သိက္ခာကျပါတယ်"

ကရုဏာ အဲ့လိုတင်းမာလိုက်တော့ ကိုကို့ဘက်က ဗျူဟာတစ်မျိုး ပြောင်းသွားပြန်ပါတယ်။

ကိုကို ခဏပျောက်သွားတယ်။

ပြန်ပေါ်လာတဲ့အချိန်မှာ. . .

"ကိုယ့်ဘဝ အခုမှပဲ လွတ်လပ်သွားတော့တယ်" တဲ့။

ကိုကို့စကားက နည်းနည်းဆန်းနေတော့ ကရုဏာ နားမလည်ခဲ့ပါဘူး။

"ဘယ်လို. . . ဦးသတိုးသခ် စကားကလည်း အဆန်းပါလား!. ."

ကိုကိုက ပြုံးတယ်။

ကိုကို့အပြုံးက လျှို့ဝှက်နက်နဲလှတယ်။

"ကိုယ် အသွားကြီးနဲ့ ကွာရှင်းလိုက်ပြီလေ. ."

ကြည့်စမ်း. . .။

အဲ့ဒီစကားဟာ တစ်စုံတစ်ယောက်အတွက်တော့ ခြေတွဲဝမ်းနည်းစရာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ကရုဏာရဲ့ရင်ထဲမှာတော့ ထိတ်ခနဲ ဝမ်းသာသွားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက်ပိုင်းမှာတော့ ကရုဏာ ကိုကို့အပေါ် ဆက်ဆံပုံ ပြောင်းလဲသွားခဲ့မိပါတယ်။

ပတ်ဝန်းကျင်မှာလည်း ထင်ထင်ပေါ်ပေါ် သွားလာရဲလာတယ်။

"ကိုယ် ကရုဏာကို ချစ်နေမိပြီ"

လို့ ကိုကိုကဖွင့်ပြောတော့ အပြုံးရွှဲရွှဲလေးနဲ့ လက်ခံလိုက်မိပြီး. . .

"ကရုဏာရော ကိုယ့်ကို ချစ်တယ်မဟုတ်လား!. ."

အဖြေပါပြီးသား မေးခွန်းကို မေးတော့လည်း ရှက်ဝဲဝဲလေးနဲ့ ခေါင်းညိတ်ပြခဲ့မိတယ်။

ကိုကိုက ကရုဏာကို 'အိုအောစစ်ကလေး' လို့ တင်စားတတ်တယ်။

ကိုကို တင်စားရကျိုးနပ်အောင်လည်း ကရုဏာက ကိုကိုရဲ့ ခြောက်သွေ့အကျည်းတန်ခဲ့တဲ့ ဘဝကြီးကို စိမ်းလန်းစိုပြည်အောင် ဖြည့်ဆည်းပေးခဲ့ပါတယ်။

ကရုဏာနဲ့ တွေ့တဲ့အခါ ကိုကိုပြုံးပျော်နေတာ မြင်ရရင် ကရုဏာ ကျေနပ်တယ်။

တစ်နေ့မှာတော့ ကိုကိုက သိပ်လှတဲ့ ဗူးမလေးတစ်ဗူးထဲက အသည်းပုံသဏ္ဍာန် ရှစ်လုံးစီ စိန်လက်စွပ်လေးကို ထုတ်ပြီး. . ကရုဏာရဲ့လက်သူကြွယ်လေးမှာ တယုတယ စွပ်ပေးတယ်။

ပြီးတော့ ကိုကိုက ကဗျာဆန်ဆန်လေး ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ကရုဏာနဲ့အတူ လှပတဲ့ဘဝလေးကို ပိုင်ဆိုင်ပါရစေ" တဲ့။

အိုး. . ။

အဲ့ဒီအချိန်မှာ ကရုဏာရင်ထဲ. . စမ်းချောင်းကလေး စီးဆင်းသွားသလို ချမ်းမြေ့ကြည်နူးခဲ့ပါတယ်ဆိုရင် လွန်တယ်ထင်မလား။

ကိုကို့ကို လူပျိုမဟုတ်ပေမယ့် လူလွတ်တစ်ယောက်လို့ ယုံကြည်မိခဲ့တဲ့ ကရုဏာဟာ ကိုကို့ရဲ့ကဗျာဆန်လှတဲ့ လက်ထပ်ခွင့်တောင်းခြင်းကိုလည်း ခေါင်းညိတ်ပြီး ကိုကိုပေးတဲ့လက်စွပ်ကိုလည်း လက်ခံခဲ့မိပါတယ်။

အခုမှ ဒါဟာ မိန်းမတစ်ကောင်ရဲ့ကျိန်စာမှန်း ကရုဏာ သိလိုက်ရတော့တာပါ။

ဟင့်အင်း. . ဒီလက်စွပ်ကို ကရုဏာ မဝတ်ရဲတော့ဘူး။

ဒါ မကောင်းဆိုးဝါး ပူးကပ်နေတဲ့ လက်စွပ်ပဲ။

ကရုဏာ ကြောက်လန့်တကြားနဲ့ လက်စွပ်ကို အတင်းဆွဲချွတ်နေမိတယ်။

လက်ချောင်းကလေးသာ နာကျင်လာတယ်၊ လက်စွပ်က ဘယ်လိုမှ ချွတ်မရတော့ဘူး။

ကရုဏာ အားကုန်သုံးပြီး ဆွဲချွတ်လိုက်တယ်။

လက်စွပ်တော့ ကျွတ်မသွားဘူး။

"ခွမ်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်လုံးတစ်လုံးကို တိုက်မိပြီး ကျကွဲသွားတယ်။

ပန်းကန်ကျကွဲသံ ကြားရတော့မှ ကရုဏာရဲ့စိတ်တွေ အသိပြန်ဝင်လာတော့တယ်။

ကရုဏာ ကိုကွဲဆီရောက်သွားတဲ့ အစွေးတွေကို မြန်မြန် ပြန်ခေါက်သိမ်းလိုက်ပြီး သူ့အတွက် ထမင်းပွဲကို အမြန်ပြင်ဆင်လိုက်ရတယ်။

ထမင်းနှင့် ဟင်းပန်းကန်တွေ တင်ထားတဲ့ စားပွဲလေးကို မဖိတ်မစင်ရအောင် ဂရုတစိုက်နဲ့ ထိန်းကိုင်ပြီး တွန်းလာခဲ့တယ်။

"ထမင်းစားလို့ရပါပြီ မမ"

ကရုဏာက အသံပြုလိုက်တော့ ဒေါ်နန်းစေရီ ထမင်းစားပွဲကို တစ်ချက်လှည့်ကြည့်တယ်။

"ဒါ . . ခရီးသည်တွေအတွက် ပြင်ပေးတဲ့ နေ့လည်စာလား!"

"ဟုတ်ပါတယ်မမ. . ၊ မမအတွက်တော့ စပါယ်ရှယ်ပါ"

ဆတ်ခနဲ မော့ကြည့်လိုက်တဲ့ ဒေါ်နန်းစေရီရဲ့အကြည့်က အလိုမကျဟန် အတိုင်းသားပေါ်တာမို့ ကရုဏာ ရှေ့ဆက်ပြောမယ့် စကားတွေကိုတောင် မပြောရဲတော့ပါဘူး။

ကရုဏာက စီစဉ်ထားတဲ့ ဟင်းအမယ်တွေကို ချီးမွမ်းဂုဏ်ယူပြီး ပြောပြမလို့ပါ။

ဒါပေမယ့် သူကြည့်ရတာ စိတ်ဝင်စားမယ့်ပုံမပေါ်ပါဘူး။ ကရုဏာပြောပြလည်း အလကားပဲ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"တို့ ဒီလိုအစားအသောက်တွေ မစားချင်ဘူး"

ပြဿနာတော့ ရှာပြန်ပြီလို့ ကရုဏာ ခေါင်းကိုက်သွားမိပြန်တယ်။

"တို့ မင်းတို့စားတဲ့ ထမင်းဗူးပဲ စားချင်တယ်၊ တို့ပြောတာ သဘောပေါက်ရဲ့လား၊ မင်းတို့ ဝန်ထမ်းတွေစားဖို့ စီစဉ်ပေးတဲ့ ထမင်းဗူးမျိုး. . . ဟုတ်ပြီလား"

ခက်တာပဲ. . ။

ကရုဏာတို့ လေယာဉ်ဝန်ထမ်းတွေအတွက် စီစဉ်ပေးတဲ့ ထမင်းဗူးဟာ အသားဟင်းနဲ့ အသီးအရွက်ကြော်တစ်မျိုးပဲ ပါပါတယ်။ ခရီးသည်တွေအတွက် စီစဉ်ပေးတဲ့ ထမင်းစားပွဲလောက် ဖွယ်ဖွယ်ရာရာ မရှိပါဘူး။

အဲ့ဒါကို သူနားလည်အောင် အတတ်နိုင်ဆုံး ကြိုးစားရှင်းပြဖို့ ကရုဏာ ပြင်လိုက်ပါတယ်။

"ဟိုလေ. . . မမ၊ ကရုဏာတို့အတွက် ထမင်းဗူးက မမ စားနိုင်မှာမဟုတ်ဘူး ထင်ပါတယ်၊ ဘာလို့လဲဆိုတော့. . ."

"တို့ပြောတာ မင်းနားမလည်ဘူးလား၊ တို့ ဒီဟင်းတွေ မစားချင်ဘူး၊ မင်းရဲ့ထမင်းဘူးပဲ ယူခဲ့"

အေးခဲမာကျောလှတဲ့ လေသံက. . . အရှင်သခင်တစ်ယောက်ရဲ့အမိန့်ပေးသံ ဆန်လှပါတယ်။

"ဟုတ်ကဲ့"

ကရုဏာ သူ့ရှေ့က ခပ်မြန်မြန် ပြန်လှည့်ထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အတော်စိတ်ပျက်ဖို့ကောင်းတဲ့ အမျိုးသမီးပါ။

သူ့ကြည့်ရတာ စည်းစိမ်ဥစ္စာနဲ့ လူတကာကို အနိုင်ကျင့် ဗိုလ်ကျတတ်လေ့ ရှိပုံရပါတယ်။

ဒီမိန်းမ မြန်မြန်သေရင် ကောင်းမှာပဲလို့. . ကရုဏာ လှိုက်လှိုက်လှဲလှဲကို ဆုတောင်းလိုက်မိတယ်။

ကရုဏာ ဗီရိုဖွင့်ပြီး ကိုယ့်ထမင်းဗူးကို ဖွင့်ကြည့်လိုက်တယ်။ ပင်လယ်စာ. . ။

ကရုဏာ ခေါင်းထဲ လင်းခနဲ ဖြစ်သွားခဲ့ရတယ်။

ဟုတ်ပြီ. . . မှတ်မိပြီ။

ကိုကိုပြောဖူးတာ. . ။ သူ့အရင်မိန်းမဟာ ပင်လယ်စာနဲ့ မတည့်ဘူးတဲ့၊ ပင်လယ်စာ စားမိလို့ တစ်ခါက အလာဂျစ်တွေ ဖြစ်ပြီး အသက်ရှုကျပ်ကာ၊ ဆေးရုံအသွားမြန်ခဲ့လို့ အသက်ပြန် ရှင်ခဲ့တာလို့ ငွေဆောင်မှာတုန်းက ပြောပြဖူးတာ သတိရလိုက်တယ်။

ကရုဏာ ဝမ်းသာလှိုက်လှဲစွာနဲ့ ထမင်းဗူးကို စားပွဲပေါ် တင်ပြီး ခပ်မြန်မြန် ပြန်တွန်းထွက်ခဲ့တယ်။

အခုနေ ရှင်သာသေခဲ့ရင် ဝမ်းအသာဆုံးသူဟာ ကျွန်မပဲ ဖြစ်မှာ သေချာတယ် ဒေါ်နန်းကေရီ။

“မမ. . ရပါပြီရှင်”

ကရုဏာ့ရဲ့အသံက ချိုပြီးသွက်လက်နေတယ်။

အမျိုးသမီးဟာ ချက်ချင်းပဲ ထမင်းဗူးကို ဖွင့်ပြီး မြိန်ရေ

www.burmeseclassic.com

www.burmeseclassic.com



ယှက်ရေ စားပါတော့တယ်။

သူ့ကြည့်ရတာ. . ကိုယ့်ကံကြမ္မာကိုယ်မသိတဲ့ လူတစ်ယောက်လိုပဲ. . . သက်တောင့်သက်သာနဲ့ စားနေပုံက. . ။

သူ့ကိုယ်သူ ပင်လယ်စာနဲ့မတည့်မှန်း မမှတ်မိတော့တာလား။ ဒါမှမဟုတ် ကြမ္မာငင်ချင်လို့လား မပြောတတ်ဘူး. . ။

အားရပါးရကို စားနေတာပါ။

သိပ်မကြာလိုက်. . .

"အဟု!. . အဟု!. . "

စားရင်းက သူဟာ ချောင်းစတင်ဆိုးလာပါတော့တယ်။

တစ်ခုခုကို သီးသွားတဲ့ပုံစံပါ။

မျက်နှာတပြင်လုံး ချက်ချင်းနီရဲပြီး အမ်းယောင်လာပါတော့တယ်။

ဒီလိုအဖြစ်အပျက်မျိုး ကျွန်မတစ်ခါမှ မတွေ့ကြုံဖူးတာမို့ သန့်ဖျတ်သွားရပါတယ်။

"မမ. . မမ ဘာဖြစ်လို့လဲဟင်. . ရေသောက်မလား!"

ကရုဏာက ချက်ချင်း ရေဗူးကိုဖွင့်ပြီး ရေတစ်ခွက် ငှဲ့ပေးလိုက်ပါတယ်။

သူက ကရုဏာပေးတဲ့ရေခွက်ကို လှမ်းမယူဘဲ ချက်ချင်း အနောက်ခန်းထဲ ထ,ထွက်သွားပါတယ်။

ကေနွှ သူ ဘေစင်မှာ သွားအန်ပစ်မလို့ ထင်ပါရဲ့. . ။

သူ ထွက်သွားတော့. . သူ ဘေးထိုင်ခုံပေါ်က လက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



အိတ်နဲ့ တစ်ဝက်တစ်ပျက် ဖိထားတဲ့ဓါတ်ပုံတွေကို ကရုဏာ ဆွဲထုတ်ပြီး ယူကြည့်မိတယ်။

နားထင်က သွေးတိုးနှုန်းတွေ တဒုတ်ဒုတ်နဲ့ ပိုမြန်သွားရတယ်။

ဓါတ်ပုံတွေဟာ ခန့်မှန်းထားတဲ့အတိုင်း ကိုကိုနဲ့ ကရုဏာ ငွေဆောင်မှာ ပျော်ရွှင်ကြည်နူးနေကြတဲ့ပုံတွေပါ။

သေချာသွားပါပြီ။ သူဟာ ကိုကိုနဲ့ကရုဏာရဲ့ဇာတ်လမ်းကိုသိလို့ ဒီနေ့ လေယာဉ်ကို တမင်စင်းလုံးငှားပြီး ကရုဏာကို နှိပ်ကွပ်ပညာပေးဖို့ ကြံစည်ခဲ့တာပဲ။

နားရက်ကျတဲ့ ကရုဏာကို ကြိုတင်လုပ်ကြံပြီး ခေါ်ခဲ့တာ၊ ထုံးစံဖြစ်တဲ့ လေယာဉ်မယ်နှစ်ယောက် မခေါ်ဘဲ ကရုဏာ တစ်ယောက်ထဲ ရွေးခေါ်ခဲ့တာ၊ ဒါတွေအားလုံးဟာ ကြိုတင်ကြံစည်မှုပဲ၊ လုပ်ကြံမှုပဲ. . သေချာပါပြီ။

ကရုဏာ တုန်ယင်နေတဲ့လက်တွေနဲ့ ဓါတ်ပုံတွေကို လက်ကိုင်အိတ်အောက် ပြန်ဖိလိုက်တယ်။

စိတ်ထဲမှာ မလုံခြုံသလို ခံစားရလို့ မော့ကြည့်လိုက်တဲ့ အချိန်မှာ. . .

**"အမယ်လေး!. ."**

ကရုဏာ လွှတ်ခနဲအော်ပြီး ချက်ချင်း မတ်တတ်ထ,ရပ်လိုက်မိတယ်။

သူ့ကို စိုက်ကြည့်နေတဲ့ မျက်လုံးတွေဟာ မီးတစ်စလို



www.burmeseclassic.com

www.burmeseclassic.com



နီရဲနေတယ်။

ပြီးတော့ ပြူးထွက်ပြီး ပက်ကြားအက်တွေလို မျက်ကြော တွေ ထောင်ထလာပုံက အက်ကွဲနေတဲ့အတိုင်းပဲ..။

ကရုဏာ ကြောက်လွန်းလို့ ရင်တွေတဆတ်ဆတ်တုန်ပြီး သူ့အနားက ကပျာကယာ ပြေးထွက်လာခဲ့တယ်။

သူ့ပုံစံကြည့်ရတာ အခြေအနေ မကောင်းတော့ပါဘူး။

ရင်ခေါင်းထဲကလာတဲ့ အသံအက်အက်ကြီးနဲ့ ချောင်း တွေအဆက်မပြတ် ဆိုးနေပါတော့တယ်။

သူ့ချောင်းဆိုးနေပုံ ကြည့်ရတာ မချိမဆန့် ခံစားနေရ မှန်း သိသာလှပါတယ်။

ချောင်းသံကြီးတွေကလည်း ကြောက်စရာကြီးပါ။

မျက်စိရှေ့မှာတင် သူ့တစ်ကိုယ်လုံးဟာ အကြောတွေ တဆတ်ဆတ် ဆွဲလာပါတော့တယ်။

သူ့ကြည့်ရတာ မသေမရှင် ရိုက်သတ်ခံထားရတဲ့ ကြွက် တစ်ကောင်လိုပါပဲ။

မျက်လုံးကြီးကလည်း အက်ကွဲပြီး အဆမတန် ပြူးထွက် လာတယ်။

တဖြည်းဖြည်းနဲ့ မျက်နှာကြီးဟာ အဆိပ်သင့်ခံထားရတဲ့ မျက်နှာကြီးလို မည်းနက်ပြီးထူအမ်းလာတယ်။

ကရုဏာ ရင်ဘတ်ဖိပြီး အထိတ်တလန့် ကြည့်နေမိတုန်း မှာပဲ.. ပိန်လှီကပ်နေတဲ့ ရင်ဘတ်အစုံဟာ မောက်ကြွတက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဝေါခနဲ အသံမြည်ပြီး ပါးစပ်ထဲက အစိမ်းရောင် ဖျော့ချွဲချွဲ အရည်တွေ စီးကျလာတယ်။

သူ့ရင်ဘတ်တွေဟာ အရမ်းကို နိမ့်လိုက်မြင့်လိုက် ဖြစ်နေတယ်။ သူ့ကြည့်ရတာ အရမ်းကို မောပန်းနေပုံပဲ။

"ဆေး. . . ဆေး. . ."

လက်ကိုင်အိတ်ကို လက်ညှိုးထိုးပြီး မပီမသ ရေရွတ်တယ်။ ဆေးများ တောင်းတာလား!. . .။

လက်ကိုင်အိတ်ကို ယူပေးမလို့ လက်လှမ်းလိုက်ပြီးမှ. . ကရုဏာ စိတ်ကူးပြောင်းသွားတယ်။

သူ့ရဲ့မြန်မြန်သေခြင်းကို ကျွန်မအလိုရှိပါတယ်။

သူ့ဘာသာ အတင်းကုန်းရုန်းပြီး လက်ကိုင်အိတ်ဆီ လက်လှမ်းတယ်။

မရပါဘူး. .၊ သူ ဘယ်လိုမှ လက်မလှမ်းနိုင်ဘူး။

သူ အတင်းကုန်းထမလို့ ကြိုးစားစဥ်မှာပဲ ဝုန်းခနဲဆို အရုပ်ကြိုးပြတ် ပြုတ်ကျသွားတော့တယ်။

သူ့မျက်လုံးကြီးတွေဟာ ချာချာလည်နေတယ်။

တော်တော့်ကိုလည်း မောဟိုက်နွမ်းနယ်နေပုံပဲ။

ချာချာလည်နေတဲ့ မျက်လုံးကြီးတွေက ကျွန်မကို တစ်ချက်လှန်ကြည့်လိုက်တော့ ကျွန်မအသည်းတွေအူတွေ ပြောင်းဆန်ကုန်အောင် ကြောက်သွားမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်. . နင်. ."

အာလေးလျှာလေးသံကြီးနဲ့ သူ ကျွန်မကို စကားပြောဖို့ ကြိုးစားတယ်။

သူသိတယ်. .။ ကျွန်မမှာ သူ့ကိုသေစေလိုတဲ့စေတနာ အပြည့်ရှိနေပြီဆိုတာ သူသိတယ်။

"ကျွန်မ. . ကျွန်မ"

သေခါနီး သွေးရူးသွေးတန်းဖြစ်နေတဲ့ လူတစ်ယောက်က ကျွန်မကို ဘာမှအန္တရာယ်မပေးနိုင်တော့မှန်း သိပေမယ့် ကျွန်မ သူ့ကို ကြောက်နေမိတယ်။

"ကျွန်မ. . ကျွန်မ ပိုင်းလော့ကြီးကို ဖုန်းလှမ်းဆက်ပေးပါ့မယ်"

ကျွန်မ စက်ခန်းကို ကမန်းကတန်း ဖုန်းခေါ်လိုက်တယ်။

"အန်ကယ်လ်. . . မမ ဘာဖြစ်သလဲမသိဘူး!. . လာကြည့်ပေးပါဦး"

ကျွန်မရဲ့အသံတွေ တုန်ယင်နေတာ သူ့အတွက် စိုးရိမ်စိတ်ကြောင့်လို့ ပိုင်းလော့အန်ကယ်လ်ကြီးကတော့ ထင်မှာပဲ။

အန်ကယ်လ်က စိုးရိမ်တကြီး အနားရောက်လာတယ်။

"အိုး. . . သူ ဘယ်လိုဖြစ်သွားရတာလဲ!၊ အခြေအနေ ဆိုးလှချေလား. . ဖြစ်တာကြာပြီလား!. . ၊ ဖြစ်ဖြစ်ချင်း ဘာလို့မ ပြောတာလဲ"

အန်ကယ်လ်ကြီးက ကျွန်မကို အပြစ်တင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်. . သူ့အခြေအနေက အတော့်ကို ဆိုးဝါး နေပါပြီ။

ဗလုံးဗထွေး ငူးငူးဝါးဝါးတွေ လျှောက်ပြောနေပါတယ်။

အဲ့ဒါ ကျွန်မကို စွပ်စွဲရန်တွေ့နေတယ်ဆိုတာ သူနဲ့ကျွန်မ ပဲ သိပါတယ်။

"သူ အနောက်ခန်းထဲက ပြန်လာပြီးကထဲက အခုလိုဖြစ် သွားတာပဲ အန်ကယ်လ်၊ ချက်ချင်းကြီး ဖြစ်သွားတာပါ။ ကျွန်မ လည်း သိသိချင်းပဲ အန်ကယ့်လ်ကို လှမ်းပြောတာပါ"

"မီတော့မယ်တော့ မထင်ဘူး၊ ဒါပေမယ့် ကြိုးစားကြည့် ရမှာပဲ၊ သူ့စပါယ်ရှယ်နာ့စ်တွေ. . တစ်ယောက်မှ ခေါ်မလာတာ ခက်တယ်"

အန်ကယ်လ်လည်း ဘာလုပ်ရမယ်ဆိုတာ အတော်စဉ်း စားရ ကြပ်သွားပုံပဲ။ စက်ခန်းဆီ ဖုန်းလှမ်းခေါ်ပြီး အမိန့်ပေးလိုက် တယ်။

"ထွန်းမင်းလတ်ရေ. . . အနီးဆုံးလေဆိပ်ကို ကြိုတင် သတင်းပို့ပြီး ဆင်းလိုက်တော့ကွာ၊ ခရီးသည်က အရေးပေါ် ကုသ မှုခံယူဖို့ လိုအပ်နေပြီ"

လေယာဉ်ဟာ သိပ်မကြာခင်မှာ အနီးဆုံး စင်ကာပူလေ ဆိပ်တစ်မှာ ဆင်းသက်လိုက်ပါတော့တယ်။

ကြိုတင်သတင်းပို့ အကြောင်းကြားထားတာမို့ လေယာဉ် ရပ်နားလို့ တံခါးဖွင့်လိုက်တာနဲ့ တပြိုင်နက် နာ့စ်မတွေ၊ ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ လေယာဉ်ပေါ်အပြေးအလွှား ရောက်လာကြပါတယ်။

ထမ်းစင်ပေါ် တင်လိုက်တဲ့အချိန်မှာ . . သူ ကျွန်မကို မျက်လုံးလှန်ပြီး တစ်ချက်ကြည့်သွားပါတယ်။

အဲဒီအကြည့်ကြောင့် ကျွန်မဟာ နောက်ကို လန့်တျ တော့မလိုတောင် ဖြစ်သွားရပါတယ်။

အညှိုးတကြီးနိုင်လှတဲ့ အကြည့်ပါ။

ကျွန်မကို သူ ဘယ်တော့မှ မကျေအေးဘူးလို့ ပြင်းပြင်း ထန်ထန် ဖော်ပြသွားတဲ့အကြည့်ပါ။

ကျွန်မရဲ့ ကျောရိုးတစ်လျှောက် စိမ့်အေးသွားတဲ့အထိ ကြောက်ရွံ့သွားခဲ့မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို အရေးပေါ် ကုသမှု ပေးနေတဲ့အချိန်မှာ ကျွန်မဟာ စိတ်လှုပ်ရှားစွာနဲ့ လေဆိပ်ထဲမှာ စောင့်ဆိုင်းနေမိပါတယ်။

သူ သေမှာပါ. . ။

သူ သေမယ်ဆိုတာ ကျွန်မသိပြီးသားပါ. . ။

ကျွန်မမျှော်လင့်ထားသလိုပဲ သိပ်မကြာခင်မှာ သူသေဆုံးသွားပါပြီဆိုတဲ့သတင်း ကျွန်မတို့ဆီ ရောက်လာပါတယ်။

အဲ့ဒီတော့ ကျွန်မတို့. . . မူလရည်ရွယ်ထားတဲ့ခရီးကို ရှေ့မဆက်ဖြစ်တော့ဘဲ နောက်ကြောင်းပြန်လှည့်ရတော့မှာပါ။

သူ သေသွားရင် ကျွန်မစိတ်ထဲ အတော်ပေါ့ပါးသွားလိမ့်မယ်လို့ ထင်ထားခဲ့ပေမယ့် တကယ်တမ်းမှာ ကျွန်မစိတ်တွေ. . ပိုလေးလံထိုင်းမှိုင်း မှုန်းကြုပ်လာခဲ့ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အသက်ဝိညာဉ် မရှိတော့တဲ့ လူသေအလောင်းကောင်ကြီးနဲ့ လေယာဉ်ပေါ်မှာ နှစ်ယောက်ထဲ ခရီးဆက်ရဦးမှာပါလား။

သူဟာ ခုနကတော့ ကျွန်မမျက်စိရှေ့မှာ ဂုဏ်ဒြပ် စည်းစိမ်အပြည့်နဲ့ မောက်မာရင့်သီးစွာ ရှိနေခဲ့တယ်။

ခုတော့ ဘာမှမလှုပ်ရှားနိုင်တော့တဲ့ အလောင်းကောင်ကြီးအဖြစ်နဲ့ ကျွန်မ မြင်တွေ့ရဦးမှာပါ။

တကယ်တော့. . .

အသက်မဲ့နေတဲ့ဝိညာဉ်ဟာ. . သက်ရှိရုပ်ခန္ဓာထက် ပိုမိုကြောက်ရွံ့ထိတ်လန့်စရာကောင်းတယ်ဆိုတာ. . ခုမှ လက်တွေ့ ကျွန်မ သိရှိခံစားရတော့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)



မနက . . မသေမရှင် အသက်ငင်နေတဲ့အဖြစ်နဲ့ လိုက်ပါသွားခဲ့တဲ့ ထမ်းစင်ပေါ်မှာ . . အခုတော့ နေရာလပ် မရှိအောင် ပတ်တီးနဲ့ တင်းတင်းကြပ်ကြပ် စည်းနှောင်ထားတဲ့ ဒေါ်နန်းစကာရီရဲ့ ရုပ်အလောင်းဟာ ပြန်ပါလာခဲ့တယ်။

"ဒီနေရာမှာ ထားရအောင်"

ဘုရားရေ . . ။ ကရုဏာ လန့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလော့အန်ကယ်လ်က. . ကရုဏာရဲ့ လေယာဉ်မယ် ထိုင်ခုံရှေ့မှာ အလောင်းကိုထားဖို့ ပြင်တယ်။

"အား. . အန်ကယ်လ်. . တခြားမှာထားပါလား၊ ကျွန်မ နဲ့ မျက်နှာချင်းဆိုင်ကြီး ဖြစ်နေတယ်၊ ကျွန်မကြောက်တယ်"

ကျွန်မ တကယ့်ကိုကြောက်ပြီး ပြောမိတာပါ။

ပတ်တီးတွေနဲ့ ဖွေးဖွေးလှုပ်အောင် ကြစ်စည်းထားတဲ့ ဒီအလောင်းကောင်ဖြူဖြူကြီးကို ကျွန်မနေရာမှာ တခြားသူသာ ဆိုရင်လည်း မျက်နှာချင်းဆိုင်ရမှာ မကြောက်ဘဲနေမှာလား။

ဘယ်သူမဆို ကြောက်မှာသေချာပါတယ်။

"လူသေကောင်ကို အရှေ့ဘက်မှာထားလို့ သင့်တော်မ လား၊ မင်းကြောက်ရင် ဟိုဘက်လှည့်ထိုင်ပေါ့၊ လူသေကောင်က မင်းကို ဘာလုပ်နိုင်မှာမို့လဲ. . "

"အန်ကယ်လ်. . အဲ့ဒါဆိုလည်း ကျွန်မနေခဲ့ပါရစေ. .၊ အိုတီကြေးလည်း မယူလိုတော့ပါဘူး၊ ခရီးသည်က အသက်မှမရှိ တော့တာပဲ၊ ကျွန်မ မလိုက်ခဲ့လည်း ဖြစ်မယ်ထင်ပါတယ်"

ကျွန်မ အန်ကယ့်လ်ကို မငံ့မရဲနဲ့ စောဒက တက်ကြည့် ပါတယ်။ အန်ကယ်လ်က ကျွန်မကို စိတ်တိုသွားပုံရပါတယ်။

ခပ်ဆတ်ဆတ် လှည့်ကြည့်ပြီး. .

"မင်း ဒီခရီးစဉ် အစအဆုံးအတွက် တာဝန်ယူပါ့မယ်လို့ လက်မှတ်ထိုးခဲ့တယ် မဟုတ်လား၊ အလုပ်ကို လေးစားပေါ့. .၊ တစ်ခုတော့ရှိတယ်၊ ဒီအလုပ်ကို မင်း သဘောမကျတော့ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒီခရီးစဉ်ပြီးရင် မင်းအလုပ်က ထွက်နိုင်တယ်"

အန်ကယ်လ်စကားက ပြတ်သားလွန်းတာကြောင့်. . ကျွန်မ အသာငြိမ်ကုတ်နေလိုက်ရပါတယ်။

ကျွန်မ ကြောက်စိတ်တစ်ဝက် စိတ်ပျက်ခြင်းတစ်ဝက်နဲ့ အန်ကယ်လ် လုပ်သမျှတွေကို လက်မှိုင်ချပြီး ကြည့်နေလိုက်မိပါတယ်။

ကျွန်မနဲ့ မျက်နှာချင်းဆိုင်က ထိုင်ခုံမှာ ကြပ်စည်းထားလွန်းလို့ တောင့်တင်းနေတဲ့ အလောင်းကောင်ကြီးကို ထိုင်ခုံပေါ်မှာ တကယ့်လူတစ်ယောက် ထိုင်နေသလိုမျိုး ပုံစံချပြီး ကြိုးနှစ်ချောင်းကို ကြက်ခြေခတ်သဏ္ဍာန် နောက်ကနေ သိုင်းချည်ထားလိုက်ပါတယ်။

ပြီးတာနဲ့ အန်ကယ်လ်က အလောင်းကို ဟိုဘက်ဒီဘက် ရွှေ့နောက်လှုပ်ခါပြပါတယ်။

ကြိုးတွေဟာ မြဲမြံလွန်းတဲ့အတွက် အလောင်းဟာ. . . နည်းနည်းမှ မလှုပ်ရှားပါဘူး။

"မင်းတွေ့တယ်နော် ဒီကြိုးတွေ ဘယ်လောက်ခိုင်ခံ့တယ်ဆိုတာ၊ မင်း ဒီကြိုးတွေကို ဖြုတ်ပေးမှပဲ အလောင်းကြီးက မင်းဆီထ,လာနိုင်လိမ့်မယ်. . . ဟားဟား"

အန်ကယ်လ်က ခပ်ပေါ့ပေါ့နဲ့ အရွှန်းဖောက် ပြောလိုက်ပေမယ့် ကရုဏာ တကယ်ပဲ ကျောထဲစိမ့်သွားမိပါတယ်။

နာနာဘာဝဆိုတာ ကြိုးတုပ်ထားရုံနဲ့ တကယ်ပဲ ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်စေနိုင်ပါ့မလား!. . ။

အနိကာယ်လ်က သူ့ကိုစွပြီးတော့ စက်ခန်းထဲ ပြန်ဝင်သွားတယ်။

အဲဒီမှာ ကရုဏာ ဒုက္ခစတွေ့တော့တာပဲ။

ကရုဏာ ဒီပတ်တီးအဖွေးသား အလောင်းကောင်ကြီးနဲ့ မျက်နှာချင်းဆိုင် လက်တစ်ကမ်းအကွာ မနေရဲဘူး. . ။

မကြည့်ရဲပေမယ့်. . အလောင်းကြီးကို မကြည့်ဘဲလည်း မနေနိုင်ဘူး။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ လေယာဉ်အကျယ်ကြီးထဲမှာ အလောင်းကြီးနဲ့ နှစ်ယောက်ထဲ မျက်နှာချင်းဆိုင် ထိုင်နေရတဲ့အဖြစ်ဟာ ဘယ်လောက်များ သွေးပျက်ဖို့ကောင်းလိုက်သလဲ. . ။

ကရုဏာ ဒီထိုင်ခုံမှာ ဆက်မနေရဲတော့ဘူး။

တွန့်ဆုတ်တွန့်ဆုတ်နဲ့ လေယာဉ်ရှေ့ပိုင်းဆီ ထွက်လာခဲ့မိတယ်။

ခပ်ဝေးဝေးသာဆို ကြောက်စိတ်က ခံသာဦးမယ် ထင်ပါရဲ့။

လေယာဉ်ရဲ့ရှေ့ဆုံးခုံမှာ ဝင်ထိုင်လိုက်တော့ စိတ်နည်းနည်းသက်သာရာရသွားသလိုပဲ။

ဒါပေမယ့်. . . နောက်ကျောမလုံသလို ခံစားချက်ကိုတော့ ခံစားနေရတယ်။

အဲ့ဒီအချိန်မှာ လေယာဉ်ဟာ တိမ်စိုင်တစ်ခုကို တိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပြီး သိမ့်ခနဲ ခါသွားပါတယ်။

လေယာဉ်အလှုပ်တွင် အနောက်ဘက်ဆီမှ တစုံတရာ ပြုတ်ကျသံလည်း ကြားလိုက်ရတယ်။

ဖျတ်ခနဲ. . လေယာဉ်ထဲမှာလည်း မှောင်အတိကျသွားတယ်။ ကျွန်မရင်ထဲ ဒိန်းခနဲဖြစ်ပြီး နောက်လှည့်ကြည့်လိုက်မိတော့. . .။

လှည့်ကြည့်လိုက်ချိန်မှာ လျှောက်လမ်းအတိုင်း သူမဆီ လျှောတိုက်လာသော ဖြူဖြူအရာကြီးတစ်ခုကို. . အရေးပေါ်မီး မှိန်တုတ်တုတ်ဖြင့် လှမ်းမြင်လိုက်တယ်။

ဒါ. . . ဒါ. . . အလောင်းကောင်ကြီးပဲ။

"အား. . ."

ကြောက်လန့်တကြားအော်ရင်း ကရုဏာ ထ,ပြေးဖို့ ကြိုးစားလိုက်တယ်။ မရတော့။ အကြောက်လွန်သွားတာကြောင့် ခြေထောက်တွေက လှုပ်ရှားလို့မရတော့. .။

သူမ၏ခြေထောက်အစုံနားရောက်လျှင် ဖြူဖြူအရာကြီးမှာ ရပ်တန့်သွားသည်။

ကရုဏာ ဆောက်တည်ရာမရ ဖြစ်နေသော ရင်အစုံတို ဖိရင်း မျက်လုံးအပြူးသားနှင့် ကြောင်ကြည့်နေမိသည်။

ထိုစဉ်. . .

အလောင်းကောင်ကြီး၏ဆံပင်ကို အုပ်ထားသော ပိုက် အုပ်ဖြူဖြူကြီးမှာ ဆတ်ခနဲ ပြေကျလာပြီး ဆံပင်အစထွေးသားမှာ



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကြမ်းပြင်ပေါ် အပြန့်သားကျလာပါတယ်။

ကရုဏာမှာ ကြောက်လွန်းတာကြောင့် အော်ပင်မအော်နိုင်တော့။

ကြည့်စမ်း. . အလောင်းကောင်ရဲ့ဆံပင်တွေဟာ ဘယ်သူမှမဖြေချဘဲ ဘာလို့များ အလိုအလျောက် ပြေကျသွားရတာလဲ!. . .။

ပြီးတော့. . ပိုင်းလော့အနက်ကယ်လ်ကြိုး အခိုင်အခန့် ချည်ထားခဲ့တဲ့ကြိုးဟာ ဘာလို့များ ပြေသွားရတာလဲ!. . .။

ဒါဟာ နည်းနည်းမှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး။

ထို့စဉ်. . .

"ငါ့ကို ခုံပေါ် ပြန်တင်ပေးစမ်း. . ."

"ဟင်. ."

ကရုဏာ ကိုယ့်နားအစုံကို ကိုယ်အံ့သြသွားရတယ်။

ဟိုမိန်းမရဲ့အသံမှ ဟိုမိန်းမရဲ့အသံအစစ်. . .။

"ငါပြောနေတာ မကြားဘူးလား!. .၊ ငါ့ကို ခုံပေါ်ပြန်တင်ပေးစမ်းလို့ ပြောနေတယ်လေ. . ."

ကရုဏာသည် ဘေးဘီဝဲယာအပေါ်ကို မျက်လုံးလည်နေအောင် လိုက်ရှာကြည့်တယ်။

ဒီအသံ ဘယ်ကထွက်ပေါ်လာတာပါလိမ့်. . .။

အလောင်းကောင်ကြီးက စကားပြောနေတာလား!. . .

မှောက်ခုံကြီး အတောင့်လိုက်ဖြစ်နေသော အလောင်း



www.burmeseclassic.com

www.burmeseclassic.com



တို ရှူးရှူးစိုက်စိုက်ကြည့်မိရင်း ခေါင်းနပန်းကြီးလာမိတယ်။

သေချာပါတယ်. . . အလောင်းကြီးက စကားပြောနေတာ. . ။

ထိုအခိုက်. . .

အကြောက်လွန်နေသော ကရုဏာရဲ့ခြေထောက်တွေက တစ်စုံတစ်ယောက်က ညှို့ခေါ်လိုက်သလို အလောင်းကောင်ကြီးရှေ့ တွန့်ဆုတ်စွာ ရောက်သွားခဲ့ရတယ်။

“ငါ့ကို မ,ပေးစမ်း”

ကရုဏာ သတိကင်းလွတ်နေသော သူတစ်ယောက်လို အလောင်းက အမိန့်ပေးသည့်အတိုင်း မ,ဖို့ ကြိုးစားလိုက်တယ်။

မဝံ့မရဲ ထိကြည့်လိုက်မိသည်နှင့်တပြိုင်နက် ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထ,လာတယ်။

ဟင့်အင်း. . . တကယ်တမ်းမှာ လူသေအလောင်းကို တစ်ခါမှ မထိမကိုင်ဖူးသော ကရုဏာရဲ့လက်အစုံမှာ ဘယ်လိုမှ မ,ဖို့ မဖြစ်နိုင်ပါ။

“ဘာလုပ်နေတာလဲ!. . ၊ မ,ပေးစမ်းလို့ ငါပြောနေတယ် မဟုတ်လား”

“ဟုတ်. . ဟုတ်. . .”

ကရုဏာ ယောင်ပြီး စကားပြန်ပြောလိုက်ကာ. . နောက်တစ်ခါ ထပ်ကြိုးစားကြည့်သည်။

အသက်ကို တဝကြီးရှူသွင်းလိုက်ကာ မျက်စိစုံမှိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မ,လိုက်တယ်။ မရ. . ။

မသေခင်က ပိန်လှီခြောက်ကပ်နေသော အလောင်းမှာ လေးလှသည့်ဖြစ်ခြင်း. . ။

နည်းနည်းမှ မကြွ. . ။

ကရုဏာ ထပ်ပြီး ကြိုးစားကြည့်တယ်။ မရ. . . ။

နောက်ဆုံး ကရုဏာ ချွေးများ တဒီးဒီးကျကာ လက်လျှော့လိုက်ရတော့သည်။

"တောက်!. . စိတ်မရှည်တော့ဘူး၊ ငါ့ဘာသာ ထ,တော့မယ်"

အလောင်းကြီး ယိမ်းထိုးကာ လှုပ်လာလေလျှင်. . .

"အား!!. ."

ကရုဏာ အော်ဟစ်ရင်း စက်ခန်းဆီ တဟုန်ထိုးပြေးထွက်သွားပါတော့တယ်. . ။



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာ စက်ခန်းတံခါးကို အဆက်မပြတ် ထုရိုက်နေမိပါတယ်။

"ဒုန်း!. . ဒုန်း!. . "

"အန်ကယ်လ်. . အန်ကယ်လ်. . မြန်မြန် တံခါးဖွင့်ပေးပါ"

ကရုဏာ ထိတ်လန့်တကြား အော်ဟစ်ထုရိုက်သံကြောင့် သေယျာဥ်မှူးအန်ကယ်လ်က တံခါးထ,ဖွင့်ပေးတယ်။

ဆံပင်များ ဖရိုဖရဲ စုတ်ဖွာကျကာ ချွေးများနှင့် ရွှဲနစ်နေသော ကရုဏာကိုကြည့်ပြီး အန်ကယ်လ်က မျက်မှောင်ကျုံ့သွားပြီး. . .

"မင်းဘာဖြစ်လာတာလဲ ကရုဏာ!. . "



www.burmeseclassic.com

www.burmeseclassic.com



"အန်. . အန်ကယ်လ်၊ အလောင်း. . အလောင်းကြီးက စ. . စကားပြောတယ်၊ ပြီးတော့. . လှုပ်. . လှုပ်. ."

"မင်းရူးနေလား ကရုဏာ!"

စကားမဆုံးခင် အန်ကယ်လ်က ဖြတ်အော်လေသည်။

ကရုဏာ စိတ်မလျှော့၊ အန်ကယ်လ် လက်ခံအောင် ရှင်းပြဖို့ ကြိုးစားလိုက်တယ်။

"မဟုတ်ဘူး အန်ကယ်. . . ကျွန်မပြောတာကို ယုံပါ. .၊ တကယ်ပါ အန်ကယ်လ်. . ဟို. . အန်ကယ်လ် မယုံဘူးဆိုရင် လိုက်ကြည့်ပါ"

"တော်တော့ ကရုဏာ၊ မင်းအရူးထတိုင်း ငါလိုက်မကြည့်နိုင်ဘူး၊ ငါတို့အလုပ်က နည်းနည်းမှ အမှားအယွင်း အတိမ်းအစောင်း မခံဘူးဆိုတာ မင်းနားလည်ပါတယ်၊ ငါတို့အလုပ်ကို မနှောက်ယှက်ပါနဲ့" .

"မဟုတ်သေးဘူး အန်ကယ်လ်. .၊ ကျွန်မရှင်းပြတာ သေသေချာချာ နားထောင်ပါ၊ အလောင်းကြီး ခုနက လေယာဉ် လှုပ်တော့ ကြိုးပြေပြီး ကြမ်းပြင်ပေါ် ပြုတ်ကျ. . ကျ. . ."

"အိုကေ. . . ထားလိုက်ပါ၊ အလောင်းကြမ်းပြင်ပေါ် ပြုတ်ကျနေလည်း အဲ့ဒီအတိုင်းပဲ ထားလိုက်ပါ၊ ပြီးတော့မှ ကျွန်ုပ် လာကြည့်လိုက်ပါ့မယ်၊ အခုတော့ အဲဒီအတိုင်းပဲ ထားလိုက်ပါ ကျုပ်မအားသေးဘူး၊ အရေးမကြီးတဲ့ ကိစ္စတစ်ခုအတွက် မင်း ကျုပ်ကိုမနှောင့်ယှက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် တပြိုင်နက် အန်ကယ်လ်က တံခါးကို ဒေါသတကြီး ပြန်ပိတ်သွားတယ်။

ကရုဏာ စိတ်ပျက်လက်ပျက် ဖြစ်သွားရပါတော့တယ်။

ကျွန်မအဖြစ်ကို ဘယ်သူမှ မစာနာပေးနိုင်ကြတော့ဘူးလား!..။ ဘာဖြစ်လို့ ကျွန်မစကားကို မယုံကြည်ရတာလဲ!..။

စိတ်ပျက်စွာဖြင့် ကရုဏာ ပြန်အလှည့်...

"အမယ်လေး.."

သူမ အော်မိပြန်ချေပြီ..။

အလောင်းကောင်က သူမရဲ့ခြေထောက်နားမှာ..။

"မင်း ငါ့ကို ခုချက်ချင်း ခုံပေါ်ပြန်တင်ပေးစမ်း..."

အလောင်းကောင်က စက်ခန်းရှေ့အထိ ရောက်နေပြီ။

ဟုတ်ပြီ.. အန်ကယ့်လ်ကို လက်တွေ့ပြရမယ်..။

ကရုဏာ စက်ခန်းတံခါးကို ထုဖို့ပြင်လိုက်စဉ်...

"မင်း ဘယ်သူ့ကိုမှ ခေါ်ဖို့မကြိုးစားနဲ့.."

ကရုဏာ သက်ပြင်းရှိုက်ရင်း လက်ကိုပြန်ရုပ်လိုက်ရပါပြီ။

"ငါ့ကို ခုံပေါ်ပြန်တင်စမ်းဆို..."

သူမ စိတ်ကိုတင်းလိုက်ပြီး မှောက်လျက်ကြီးလဲနေသော အလောင်းမှ ပြေကျနေသည့် ဆံပင်တွေကို စုထွေးကာ ပြန်သိမ်းထုပ်ပေးလိုက်တယ်။

ရင်ထဲမှာတော့ တလှပ်လှပ် တုန်ယင်လို့..။

ထို့နောက် ပြန်မကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါ။ ဒီလောက် လေးလံလှသော အလောင်းကို သူမတစ်ယောက်တည်းအားနှင့် မ,ရွှေ့ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါ။ ခန္ဓာကိုယ်ဟာ အသက်မရှိတော့တာနှင့် ဒီလောက်တောင် လေးလံတတ်သလား. . .။

သူမ ဉာဏ်ကူမှ ဖြစ်တော့မည်။

အလောင်းကောင်ရဲ့ခေါင်းရင်းနား ဒူးထောက်ထိုင်ချလိုက်ကာ. . .

"မမ. . . ကျွန်မတစ်ယောက်ထဲအားနဲ့ မမကို ဘယ်လိုမှ မ,မနိုင်ဘူး၊ ကျွန်မ ခြေထောက်ကနေ ဆွဲသွားပါရစေနော်"

ဘေးလူသာ မြင်လျှင်တော့. . အလောင်းကို သက်ရှိလူတစ်ယောက်လို စကားပြောနေသော သူမကို အရူးလို့ ထင်မှာအသေအချာပါ။

သူမ အလောင်းကို ကွေ့ပတ်ကာ ခြေထောက်မှ ဆွဲဖို့ကြိုးစားလိုက်တယ်။

ခြေထောက်နှစ်ချောင်းလုံးကို ပတ်တီးများ ပူးကာချည်ထားသည်မို့ လွယ်ကူမည် ထင်ပါရဲ့. . .။

သူမ ခြေထောက်ကို မ,ကြည့်လျှင်. . အုံ့ညြစရာကောင်းလောက်အောင် လက်ထဲပေါ့ပါးစွာ ပါလာပါတယ်။

သူမ လျှောက်လမ်းတစ်လျှောက် ဒရွတ်ဆွဲလာပြီး နိုင်ခုံပေါ် မ,တင်လိုက်ရာ. . အရှိန်လွန်ပြီး ထိုင်ခုံပေါ် အလောင်းရော သူမပါ ပစ်လဲကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကြီးက အောက်က၊ သူမက အပေါ်က. .။

"အား. . အား. ."

ကရုဏာ အသည်းထဲစိမ့်အေးနေအောင် ကြောက်ကာ တအားအား အော်ဟစ်နေမိတယ်။

အလောင်းကြီးနဲ့ ရင်ချင်းအပ် ထိတွေ့နေရတဲ့အဖြစ်ဟာ ဘယ်လောက်အသည်းယား ကြောက်ရွံ့ဖို့ကောင်းလိုက်သလဲ။ ပတ်တီးများ စည်းထုပ်ထား၍သာ တော်တော့တယ်။

ကရုဏာ ကပျာကယာ ကုန်းရုန်းထ,လိုက်ရာ. . .

ကရုဏာရဲ့အကျႌကြယ်သီးနှင့် ပတ်တီးစ ငြိနေလေရာ အလောင်းကြီးမှာ ပူးပြီးပါလာပြန်တယ်။

"အား. . မမ. . မမ. . ကျွန်မကို မခြောက်ပါနဲ့ မမရယ်၊ ကျွန်မ. . ကြောက်. . ကြောက်တတ်လို့ပါ"

ကရုဏာ တောင်းတောင်းပန်ပန် ပြောရင်း ကြယ်သီး ငြိနေသော ပတ်တီးစကို ကပျာကယာ ဖြေနေမိတယ်။

လက်ကတဆတ်ဆတ် တုန်ယင်နေရာ. . တော်တော်နှင့် ဖြေမရ။

"အဟား. . . ဟား. . ."

အလောင်းဆီမှ ရယ်သံသဲ့သဲ့ ကြားလိုက်ရတယ်။

ငြိနေသော ပတ်တီးစပြုတ်သည်နှင့် ကရုဏာ ချက်ချင်း ထရပ်လိုက်ပြီး. . အလောင်းကို ထိုင်ခုံမှာ နဂိုနေအတိုင်းဖြစ်စေဖို့ ကြိုးစားရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ပတ်တီးများဖြင့် တင်းမာတောင့်မတ်နေသော. . . အလောင်းကို ကိုင်တွယ်ရသည်မှာ အတော်အသည်းအေးစရာကောင်းသောအလုပ်ပါ. . ။

အလောင်းမှာ လှုပ်နေသေးရာ ကရုဏာ ကိုင်တွယ်ရ အတော်ခက်ခဲနေသောကြောင့်. . .

"မမ. . မမ၊ ကျေးဇူးပြုပြီး ငြိမ်ငြိမ်နေပေးပါ မမရယ်၊ ကျွန်မ မနိုင်လို့ပါ. . "

"ဟင်း. . ဟင်း. . "

အလောင်းဆီမှ ရယ်သံလိုလို ညည်းသံလိုလို ထွက်ပေါ်လာပြန်ရာ ကရုဏာမှာ တံတွေးအခါခါ မျိုချရင်း အလောင်းကို ထိုင်ခုံခါးပတ်ကြိုးဖြင့် ခပ်မြန်မြန်သာ ချည်နေမိတယ်။

ချည်ပြီးတာနှင့်. . . ဝင်္ကြေးတစ်ခုမှ လွတ်မြောက်သလို အလောင်းနားမှ အမြန်ပြေးထွက်လာခဲ့ပါတော့တယ်။

ခရီးစဉ် မပြီးဆုံးသေးမချင်း ဒီအလောင်းကြီးနှင့် ဘယ်လိုများ ရင်ဆိုင်ရဦးမှာပါလိမ့်. . . ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)



ရထားယာဉ်ဝန်ထမ်းများအတွက် ထမင်းစားချိန်. . ရောက်လို့လာခဲ့ပြီ။ ကရုဏာ စက်ခန်းထဲမှ ပိုင်းလော့နှစ်ယောက် ဆီပို့ရန် ထမင်းဗူးကို ဗန်းပေါ်မြန်မြန်တင်ပြီး ပြင်ဆင်လိုက်တယ်။

ဗန်းကိုကိုင်ထားရင်းက သတိထားကာ အလောင်းဗေါ်အား မှ ဖြတ်ခဲ့ရတယ်။ ခုတော့လည်း အလောင်းမှာ ပကတိ ငြိမ်သက်လို့ နေပြန်ရော. . ။ မကြာသေးခင်က ဘာမှမဖြစ်ခဲ့သလိုမျိုး. . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ. . . ကျွန်မပြောချင်တာက လူတစ်ယောက်ဟာ သေဆုံးပြီးတဲ့နောက် မကျွတ်လွတ်ဘဲ. . နာနာဘာဝဖြစ်ပြီး. . အဲ. . "

"အင်း. . . ဆက်ပါဦး၊ နာနာဘာဝ. . နာနာဘာဝ. . ဖြစ်ပြီး ဘာဖြစ်လဲ"

"အဲ. . . ဟုတ်ကဲ့၊ နာနာဘာဝအဖြစ်နဲ့ စကားပြောတာမျိုး၊ ဟို. . ကိုယ်ထင်ပြတာမျိုး. . အဲ့သလို ခြောက်လှန့်တာတို အန်ကယ်လ် တွေ့ကြုံဖူးသလားလို့ပါ"

အန်ကယ်လ်ကြီးက ပြုံးရယ်ချင်တာကို မထိန်းနိုင်သော မျက်နှာထားဖြင့် ပခုံးတွန့်ပြကာ. . ။

"မင်းမေးခွန်းက ရယ်စရာ နည်းနည်းကောင်းနေသလိုပဲ၊ အမှန်အတိုင်း ဝန်ခံရရင် တစ္ဆေသရဲတွေ လောကကြီးမှာရှိတယ် ဆိုတာ ကျုပ် လုံးဝမယုံဘူး၊ တစ္ဆေသရဲဆိုတာ ကလေးတွေကို ခြောက်တဲ့ ပုံပြင်ထဲက ဇာတ်ကောင်တွေပါ"

"မဟုတ်ဘူး အန်ကယ်လ်၊ အန်ကယ်လ် မကြုံဖူးသေးလို့ပါ။ တစ္ဆေသရဲဆိုတာ ပုံပြင်ထဲက ဇာတ်ကောင်မဟုတ်ပါဘူး။ တကယ့်ကို ရှိပါတယ်"

သူမ အန်ကယ့်လ်ကို ခံငြင်းရန်. . အသင့်ပြင်ဆင်လိုက်တယ်။

"အိုး. . . ဒါဆို မင်းက ကြုံဖူးတယ်ပေါ့ ဟုတ်လား!. . ၊ တကယ်ရှိတယ် ပြောရအောင်. . . "



www.burmeseclassic.com

www.burmeseclassic.com


"ဟိုလေ. . . ကျွန်မပြောချင်တာက လူတစ်ယောက်ဟာ သေဆုံးပြီးတဲ့နောက် မကျွတ်လွတ်ဘဲ. . နာနာဘာဝဖြစ်ပြီး. . အဲ. ."

"အင်း. . . ဆက်ပါဦး၊ နာနာဘာဝ. . နာနာဘာဝ. . ဖြစ်ပြီး ဘာဖြစ်လဲ"

"အဲ. . . ဟုတ်ကဲ့၊ နာနာဘာဝအဖြစ်နဲ့ စကားပြောတာမျိုး၊ ဟို. . ကိုယ်ထင်ပြတာမျိုး. . အဲ့သလို ခြောက်လှန့်တာကို အန်ကယ်လ် တွေ့ကြုံဖူးသလားလို့ပါ"

အန်ကယ်လ်ကြီးက ပြုံးရယ်ချင်တာကို မထိန်းနိုင်သောမျက်နှာထားဖြင့် ပခုံးတွန့်ပြကာ. . ။

"မင်းမေးခွန်းက ရယ်စရာ နည်းနည်းကောင်းနေသလိုပဲ၊ အမှန်အတိုင်း ဝန်ခံရရင် တစ္ဆေသရဲတွေ လောကကြီးမှာရှိတယ်ဆိုတာ ကျုပ် လုံးဝမယုံဘူး၊ တစ္ဆေသရဲဆိုတာ ကလေးတွေကို ခြောက်တဲ့ ပုံပြင်ထဲက ဇာတ်ကောင်တွေပါ"

"မဟုတ်ဘူး အန်ကယ်လ်၊ အန်ကယ်လ် မကြုံဖူးသေးလို့ပါ၊ တစ္ဆေသရဲဆိုတာ ပုံပြင်ထဲက ဇာတ်ကောင်မဟုတ်ပါဘူး၊ တကယ့်ကို ရှိပါတယ်"

သူမ အန်ကယ့်လ်ကို ခံငြင်းရန်. . အသင့်ပြင်ဆင်လိုက်တယ်။

"အိုး. . . ဒါဆို မင်းက ကြုံဖူးတယ်ပေါ့ ဟုတ်လား!. .၊ တကယ်ရှိတယ် ပြောရအောင်. . ."

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် အကွက်ဆိုက်ပါပြီ။

သူမ ခေါင်းတဆတ်ဆတ် ညိတ်ကာ. . .

"ကြိုဖူးပြီကော အန်ကယ်လ်ရယ်၊ အခုလေးတင်ပါပဲ. . အခုလေးတင်. . ဟို. . . ဟို. . . ဒေါ်. . . ဒေါ်နန်းစောရီရဲ့ အလောင်းက ခြောက်. . ခြောက်. ."

"ဘယ်လို. . . ဒေါ်နန်းစောရီရဲ့အလောင်း ဟုတ်လား!၊ ဆိုစမ်းပါဦး. . . အဲဒီအလောင်းက မင်းကို ဘယ်လိုခြောက်သလဲ!. . ၊ ထ,စကားပြောသလား. . ဟောင်းဒူးယူဒူးတဲ့လား!. ."

"မနောက်ပါနဲ့ အန်ကယ်လ်ရယ်၊ ကျွန်မ တကယ်ပြောတာပါ။ ခုနက ထိုင်ခုံပေါ်က ပြုတ်ကျတာ ကျွန်မဆီ လျှောတိုက်လာပြီး သူ့ကို ခုံပေါ်ပြန်တင်ပေးဖို့ ပြောပါတယ်၊ ကျွန်မနားနဲ့ ဆတ်ဆတ် ကြားခဲ့တာပါ"

"ဟုတ်လား. . ဒါဆိုရင် သေချာအောင် သွားမေးလိုက်ချေ. . ထမင်းစားဦးမလားလို့၊ ဒီတစ်ခါ ကျုပ်တို့ပါ ကြားရအောင် ကျယ်ကျယ်ပြောခိုင်း. . ."

အန်ကယ်လ်ကြီးမှာ လှူ့ဝှစာသမားပီပီ ဘုကန့်လန့်တိုက်ပြီး ရွဲ့နေချေပြီ။

"အန်ကယ်လ် ကျွန်မပြောတာ ယုံပေးပါ. . ၊ ကျွန်မ တကယ်ပြောတာပါ"

"မင်း အစီပွါယ်ရှိတဲ့စကားပဲ ပြောရင်ကောင်းမယ် ကရုဏာ၊ ဒေါ်နန်းစောရီဟာ တကယ်ပဲ တစ္ဆေသရဲ ဖြစ်ခဲ့မှန်ရင်. .

www.burmeseclassic.com

www.burmeseclassic.com



မင်းတစ်ယောက်ထဲကိုပဲ ကွက်ပြီးခြောက်ပ့ါမလား၊ ကျုပ်တို့နှစ်ယောက်ကိုပါ ခြောက်မှာပေါ့"

"မဟုတ်သေးဘူးလေအန်ကယ်"

အန်ကယ်လ်က သူမကို ဆက်ပြီးရှင်းပြခွင့် မပေးတော့ပါ။

လက်ကာပြပြီး. . .

"အန်ကယ်လ်ထင်တာတော့ မင်းသရဲရုပ်ရှင်တွေ သိပ်ကြည့်တယ်ထင်တယ်၊ မဖြစ်နိုင်တဲ့ စိတ်ကူးယဉ်မှုတွေကို တာဝန်ချိန်မှာ အဝင်မခံပါနဲ့. . . ဟုတ်ရဲ့လား!"

"အန်ကယ်လ်. . . ကျွန်မ. . ."

"ကဲ. . . ကရုဏာ၊ ကျုပ်တို့မှာ စကားကြာကြာပြောဖို့ အချိန်မရှိဘူး၊ စိတ်ထွေပြားလို့လည်း မဖြစ်ဘူး၊ လေယာဉ်ဆိုတာ မြေပြင်မှာ ရိုးရိုးတန်းတန်း သွားလာနေတာ မဟုတ်ဘူးဆိုတာ မင်းသိတယ် မဟုတ်လား၊ မင်းတာဝန်ဟာ ဒီစက်ခန်းထဲမှာ မရှိဘူး. . ."

အန်ကယ်လ်ကြီးက ယဉ်ကျေးစွာ နှင်ထုတ်လေပြီ။

ကျွန်မ လေယာဉ်ရဲ့နောက်ခန်းထဲမှာ မနေရဲဘူး။

ဒီစက်ခန်းထဲမှာပဲ နေပါရစေ. . ။

သူမစိတ်ထဲမှ တောင်းပန်တိုးလျှိုးမိတယ်။

မသွားသေးဘဲ ပေကပ်ရပ်နေသဖြင့်. . အန်ကယ်လ်ကြီးက စိတ်မရှည်သလို မျက်မှောင်ကုပ်ကာ လှည့်ကြည့်တော့မှ. .



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချပြီး တွန့်ဆုတ်ဆုတ်ဖြင့် စက်ခန်းထဲမှ ထွက်လာခဲ့ရပါတော့တယ်။

ကျွန်မပြောတာ ဘာလို့များ မယုံကြည်ရတာလဲ!. . .။

ကျွန်မအဖြစ်ကို ဘယ်သူမှ ကူညီကယ်တင်မပေးနိုင်တော့ဘူးလား!. . ။

ကျွန်မ ဒီအလောင်းကောင်ကြီးနဲ့ ဘယ်လိုရှေ့ဆက်ရမှာလဲ!. . .။





www.burmeseclassic.com

www.burmeseclassic.com



**လေ**ယာဉ်မောင်းခန်းထဲက ပြန်ထွက်လာတော့ ကိုယ်ထည်ထဲမှာ ကျွန်မနဲ့ အလောင်းကြီးနဲ့ နှစ်ယောက်ထဲ နေ့နေရတဲ့ အဖြစ်ကို ကျောတစိမ့်စိမ့် ချမ်းနေမိတယ်။

ဘယ်အချိန်များ ကျွန်မဆီ ထ,လာမလဲ!. . ၊ စကားထပြောလိုက်မလဲ!. . ဆိုတာတွေးပြီး ချောက်ချားနေမိပါတယ်။

ကျွန်မ ဘယ်လိုမှ ဆက်သည်းခံမနေနိုင်တော့တဲ့အဆုံး အနောက်ခန်းထဲ ဝင်ပြီး ဆေးပြားလေးတစ်ပြား သောက်လိုက်ရပါတယ်။

ဒီဆေးပြားလေးဟာ ဘာပဲဖြစ်ဖြစ် ကျွန်မကို အခိုက်အတန့်အားဖြင့်တော့ စိတ်တည်ငြိမ်သွားအောင် ကူညီပေးနိုင်မှာပါ။

ဆေးသောက်ပြီးတော့ ကျွန်မ ထိုင်ခုံနောက်မှီပေါ် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လှန်ချပြီး မျက်လုံးတွေ အသာမှိတ်ထားမိတယ်။

တဖြည်းဖြည်းနဲ့ ဆေးရဲ့တန်ခိုးကြောင့် ကျွန်မစိတ်ဟာ ငြိမ်သက်စပြုလာသည်။

ကျွန်မ လေထဲမှာ တလွင့်လွင့် မျောပါနေသလို ခံစားရတယ်။ သိပ်ကြည်နူးစရာကောင်းတာပဲ. . ။

ငြိမ်းချမ်းလိုက်တာ. . ။

ကျွန်မ အရာအားလုံးကို မေ့လျော့သွားတော့တယ်။

အဲ့ဒီအချိန်မှာပဲ. . .

ရုတ်တရက်ကြီး လေယာဉ်ဟာ လှုပ်သွားတယ်. . ။

မသိမသာလေး လှုပ်ရာကနေ တဖြည်းဖြည်းနဲ့ အရမ်းကို ယိမ်းထိုးလှုပ်ခါလာတော့တယ်။ လေယာဉ်ပေါ်က ပစ္စည်းတွေလည်း တဝုန်းဝုန်း တဒိုင်းဒိုင်းနေအောင် လှုပ်ခါနေတော့တယ်။

အဲ့ဒီအချိန်မှာပဲ ကျွန်မရှေ့က အလောင်းကြီးဟာ ကြိုးတွေပြတ်ကျပြီး ကျွန်မပေါ် အတောင့်လိုက်ကြီး ပိကျလာတော့တယ်။

"အား!. . . ကယ်ကြပါဦး"

ကျွန်မ ကြောက်လန့်တကြား အော်ဟစ်လိုက်တယ်. . ။

အလောင်းကြီးမှာ စည်းတုပ်ထားတဲ့ပတ်တီးတွေ မရှိတော့ဘူး။

တောင့်တင်းနေတဲ့ အသက်မဲ့ခန္ဓာကိုယ်ကြီးက အေးစက်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကၽြန္မ ေၾကာက္လိုက္တာ..။

အသည္းေတြအူေတြ ေျပာင္းဆန္ကုန္ၿပီ ထင္ပါရဲ႕..။

ကၽြန္မေၾကာက္ေၾကာက္နဲ႔ ခြန္အားရွိသမွ်သုံးၿပီး..အေလာင္းႀကီးကို ကၽြန္မေပၚကေန တြန္းခ်တယ္။

ေတာင့္တင္းေနတဲ့ အေလာင္းႀကီးဟာ တျဖည္းျဖည္းနဲ႔ ေပ်ာ့အိလာတယ္။

ၿပီးေတာ့...လက္ေခ်ာင္းေတြဟာ တျဖည္းျဖည္းခ်င္း လႈပ္ရွားလာတယ္။

ေအးစက္ေနတဲ့ လက္ေခ်ာင္းေတြဟာ ကၽြန္မရဲ႕လည္ပင္းဆီ ေရာက္လာေတာ့တယ္။ အဲဒီလက္ေခ်ာင္းေတြ ကၽြန္မလည္တိုင္ကို မညႇစ္မိေအာင္ ကၽြန္မ ဘယ္ညာေစာင္းၿပီး ေရွာင္ေနမိတယ္။

ေရွာင္ရင္းတိမ္းရင္းကေန ကၽြန္မ ပင္ပန္းႏြမ္းနယ္လာတယ္။

အဲ့ဒီအခ်ိန္မွာ..ေနာက္ဆုံး ရွိသမွ် ခြန္အားကေလးနဲ႔ ကၽြန္မလက္ႏွစ္ဖက္က လက္ေခ်ာင္းေတြကို ခ်ိတ္ဆက္လိုက္ၿပီး အားကုန္ ခုတ္ခ်ပစ္လိုက္တယ္။

'အား'ခနဲ အသံနက္ႀကီး ၾကားလိုက္ရၿပီး..အေလာင္းလည္း ေလယာဥ္ၾကမ္းျပင္ေပၚ ျပဳတ္က်သြားတယ္။

ကၽြန္မ ထိတ္လန္႔တၾကား ငုံ႔ၾကည့္လိုက္ေတာ့..

"အမယ္ေလး!.."



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မဆံပင်တွေ ထောင်ထသွားတယ်။

အလောင်းရဲ့ နီရဲပြီး သွေးကြောတွေနဲ့ အက်ကွဲနေတဲ့ မျက်လုံးကြီးတွေက ကျွန်မကို အပြုံးတကြီး စိုက်ကြည့်နေလိုက်တာ. .။

မျက်နှာကြီးဟာ ကျွန်မရှေ့မှာ တဖြည်းဖြည်းနဲ့ ကြီးမားလာတယ်။ ကျွန်မ အံ့သြကြောက်လန့်လွန်းလို့ ကြောင်အနေမိတယ်။

အဲ့ဒီအချိန်မှာပဲ. . အလောင်းရဲ့ ပါးစပ်ကြီးဟာ ပွင့်ဟကျယ်ပြန့်လာပြီး. .

"နင်က ငါ့ကို အံတုချင်တယ်ပေါ့ ဟုတ်လား!! လာခဲ့. . အမိုက်မကလေး. ."

အလောင်းကြီးဟာ. . ချက်ချင်း အသက်ဝင်လာသလိုပဲ လက်ကြီးနှစ်ဘက် ဆန့်တန်းပြီး ကျွန်မကို ခုန်အုပ်ဖို့ ကြိုးစားပါတော့တယ်။

"မလုပ်. . မလုပ်ပါနဲ့"

ကျွန်မ ကြောက်လန့်တကြားနဲ့ ဘေးကို ဝပ်ရှောင်လိုက်တာ အရှိန်လွန်ပြီး လေယာဉ်ကြမ်းပြင်ပေါ် ပြုတ်ကျသွားတော့တယ်။

"အား!. . . ကျွတ်. . . ကျွတ်"

ကျွန်မ ခါးနာသွားတာမို့ ခါးကို လက်နဲ့ထောက်ရင်း. . ညည်းလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညည်းရင်းက. . အလောင်း ဘယ်ရောက်သွားသလဲလို့ ကျွန်မ ရှာနေမိတယ်။

"ဟင်. . ဘယ်ရောက်သွားပါလိမ့်"

ဟုတ်တယ်။ အလောင်းကြီး မရှိတော့ဘူး။

ကျွန်မ ကြောင်တောင်တောင်နဲ့ ဟိုဟိုဒီဒီ လိုက်ကြည့်နေမိတယ်။

ကြည့်စမ်း. . ။

ကျွန်မ ဆေးသောက်ပြီး မှေးခနဲ အိပ်ပျော်သွားခဲ့မိတာပါလား။ ထိုင်ခုံပေါ်ကတောင် ပြုတ်ကျရတဲ့အထိ ကျွန်မအိပ်ပျော်သွားခဲ့မိတာပဲ။

အိပ်မက်ကို သတိရမိပြီး ကျွန်မကျောထဲက ပြန်စိမ့်သွားမိတယ်။

တော်သေးတာပေါ့. . အိပ်မက်မို့လို့. . ။

ဒါပေမယ့် ကျွန်မ ခုထိ ကြောက်စိတ်မပြေသေးဘူး။

အိပ်မက်ထဲကလိုများ အလောင်းကြီး ထလာခဲ့ရင်. . ။

ကျွန်မ အထိတ်တလန့်နဲ့ ရှေ့က ထိုင်ခုံကို ကြည့်လိုက်မိတယ်။

မြတ်စွာဘုရား. . . ။

အလောင်းကြီး ထိုင်ခုံပေါ်မှာ မရှိတော့ဘူး. . ။

ဘယ်ရောက်သွားတာလဲ၊ ဘယ်ရောက်သွားတာလဲ!။

ကျွန်မ ခေါင်းနပန်းကြီးသွားမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဖုန်းဆီပြေးသွားမိတယ်။

"အန်ကယ်လ်. . လုပ်. . လုပ်ပါဦး၊ အလောင်းကြီး မရှိတော့ဘူး၊ လုပ်ပါဦးအန်ကယ်လ်"

"နေစမ်းပါဦး. . မင်းဘာတွေပြောနေတာလဲ ကရုဏာ၊ လေသံမှန်မှန်နဲ့ ဖြည်းဖြည်းပြန်ပြောစမ်း"

ကျွန်မရင်ဘတ်ကို လက်နဲ့ဖိပြီး ပါးစပ်ဟ အသက်တဝ ရှူပြီးမှ စကားဆက်ပြောရပါတယ်။

"အန်ကယ်လ်. . ကျွန်မ ခဏအိပ်ပျော်သွားမိပါတယ်၊ အဲ့ဒါ အခု ကျွန်မနိုးလာတော့. . အလောင်းပျောက်နေတယ် မရှိတော့ဘူး"

တစ်ဘက်က အသံခဏတိတ်သွားတယ်။

စိတ်ပျက်လက်ပျက် 'ကျစ်'ခနဲ စုတ်သပ်လိုက်သံလည်း ကြားလိုက်ရတယ်။

"မင်း အိပ်ရေးမဝလို့ ကယောင်ကတမ်းဖြစ်နေတာ နေပါလိမ့်မယ် ကရုဏာ၊ ကျေးဇူးပြုပြီး အိပ်ရေးဝ,အောင် ပြန်အိပ်လိုက်ပါဦး၊ နိုးလာတော့မှ ထိုင်ခုံအောက်တွေမှာ လိုက်ရှာကြည့်ပေါ့. . ဟုတ်လား၊ မင်းကိုများ တူတူပုန်းနေသလားမှ မသိတာ"

ကရုဏာ ဘာမှပြန်မပြောရသေးခင် အန်ကယ်လ်ကြီးက ဖုန်းချလိုက်ပါပြီ။

ရက်စက်လိုက်တာ. . .။

နည်းနည်းလေးမှ စာနာစိတ်ကလေး မရှိကြတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား။

အလောင်းကြီးကို ကျွန်မ ဘယ်လိုများ လိုက်ရှာရမှာလဲ!. . ။

ကျွန်မကို မထင်မှတ်တဲ့ တစ်နေရာကနေ ခြောက်လှန့်လာခဲ့ရင်. . . ။

ကျွန်မ အတွေးမဆုံးသေးခင်မှာ လေယာဉ်ဟာ ရုတ်တရက် ထိမ်တိုက်ထဲဝင်ပြီး မှောင်အတိကျသွားပါတယ်။

www.burmeseclassic.com



# ၇

"အာဟု!. . အဟု!. ."

လေယာဉ်တစ်စင်းလုံး မှောင်ပိန်းနေတဲ့အချိန်မှာ. . ရင်ခေါင်းထဲက ဆို့ကျပ်ပြီးထွက်လာတဲ့ ချောင်းဆိုးသံကြီးကြောင့် ကရုဏာရဲ့ခြေလှမ်းတွေ ရပ်တန့်သွားရသည်။

ချောင်းဆိုးသံ. . .

ဒီချောင်းဆိုးသံက ဘယ်ကထွက်လာရတာလဲ. .။

ဒါ. . ဒါ. . သူသေခါနီးအချိန်မှာ မချိမဆန့် ဝေဒနာခံစားနေရတုန်းက ချောင်းဆိုးသံကြီးပဲ. .။

ကျွန်မ ရှိသမျှ အလင်းရောင်ဝါးဝါးလေးနဲ့ ခေါင်းကို ဖြည်းဖြည်းချင်းလှည့်ပြီး ဟိုဟိုဒီဒီ လိုက်ကြည့်မိတယ်။

သူ. . သူ. . ကျွန်မကို ဘယ်ကနေ ချောင်းလှန့်နေတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ!. . ။

လေယာဉ်က တိမ်တိုက်ထဲက ပြန်ထွက်လာတော့ လင်းလာတယ်။ ထိုအခိုက်. . ကျွန်မခြေထောက်က တစ်စုံတစ်ရာကို သွားတိုက်မိတယ်။

"အ!. ."

ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။

ငုံ့ကြည့်လိုက်တဲ့အချိန်မှာ ကျွန်မမြင်လိုက်ရတာ ပတ်တီးဖြူဖြူအပုံကြီးပဲ ဖြစ်ပါတယ်။

ဘုရား. . . ဘုရား. . . ။

သူ. . သူ. . ကျွန်မ အိပ်မက်ထဲကအတိုင်း ပတ်တီးတွေ ပြေကျသွားပြီ။

ကျွန်မ သတိနဲ့ တစ်လှမ်းချင်း လှမ်းတယ်။

"ဝေါ့!. . . ဝေါ့!. . ."

အန်သံ။

ကျွန်မ နားစွင့်နေမိတယ်. . . ။

အသံက တိုးသဲ့သဲ့ပေမယ့်. . သွေးပျက်ချောက်ချားစရာ ကောင်းလှတယ်။

ကျွန်မ toilet အခန်းတံခါးကို ခပ်ဖွဖွ ခေါက်ကြည့်လိုက်တယ်။

"အထဲမှာ လူရှိလား!"

ကျွန်မ မဝံ့မရဲ မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်ဖြေသံ မကြားရဘူး။

ကျွန်မ တံခါးကို ဖြည်းဖြည်းချင်းဖွင့်ပြီး အထဲကိုချောင်းကြည့်လိုက်တယ်။

အခန်းထဲမှာ မသက်ာစရာ ဘာမှမတွေ့ရဘူး။

"အထဲမှာ ဘယ်သူရှိလဲ. . . လူရှိလား!. ."

ကျွန်မ အသံပြုရင်း အခန်းထဲကို တွန့်ဆုတ်ဆုတ်နဲ့ ဝင်သွားမိတယ်။ အခန်းက ငြိမ်သက်တိတ်ဆိတ်နေတယ်။

ဒါပေမယ့်. . ငြိမ်းချမ်းတဲ့ ငြိမ်သက်တိတ်ဆိတ်ခြင်းမျိုးမဟုတ်ဘဲ ချောက်ချားစရာ ကောင်းနေတယ်။

ဘာသံမှလည်းမကြားရ ဘာမှလည်း မတွေ့ရတော့. . ကျွန်မ ခပ်မြန်မြန် ပြန်လှည့်ထွက်လိုက်တယ်။

တံခါးက ပိတ်လျက်သား။

ကျွန်မ တွန်းဖွင့်လိုက်တယ်၊ မရတော့ဘူး။

ကျွန်မ ရင်ထဲထိတ်ပြီး ကြောက်စိတ် စိုးရိမ်စိတ်တွေနဲ့ ထူပူသွားရတယ်။

တံခါးက ချက်ကျနေပြီ. .။ ဘယ်လိုလုပ်ရမှာလဲ!. .။

ကျွန်မ ကြောက်ကြောက်နဲ့ တံခါးကို အတင်းလှည့်ဖွင့်မိတယ်။ မရတဲ့အဆုံး. . ကျွန်မ အော်ဟစ်ပြီး တံခါးကို အဆက်မပြတ် ထုနေမိတယ်။

"ဖွင့်ပေးပါ. . ကျွန်မကို တံခါးဖွင့်ပေးပါ. . အီးဟီးဟီး"

ကျွန်မ ကြောက်စိတ်နဲ့ ငိုနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ပေးကြပါ. . . ကျွန်မ. . ကျွန်မကို တံခါးဖွင့်ပေးကြပါ. . ဟင့်. . ဟင့်"

ကျွန်မ မျက်ရည်တွေတွေကျရင်း ငိုသံပါကြီးနဲ့ အော်နေမိတယ်။

ဘယ်လိုလုပ်ရမလဲ!။ ကျွန်မတစ်ယောက်ထဲ နောက်ဖေးခန်းထဲမှာ ပိတ်မိနေပြီ။ အလောင်းကြီးလည်း ပျောက်နေတယ်။

မကောင်းဆိုးဝါး နာနာဘာဝမကြီးဟာ ဘယ်အချိန်မှာများ ပေါ်လာမှာပါလိမ့်။ သူ ဒီအခန်းထဲမှာများလား!. .။

ကျွန်မကို တံခါးပိတ်လိုက်တာ သူလား!။

အဲ့ဒီအချိန်မှာ toilet အခန်းတစ်ခန်းလုံး လှုပ်ခါပြီး မှောင်အတိကျသွားတယ်။

"**အား!. .**"

ကျွန်မ ငိုနေရင်းကနေ ကြောက်လန့်တကြား အော်လိုက်မိတယ်။

"အဟု!. . အဟု!. ."

ချောင်းဆိုးသံ. .။

ကျွန်မ အနောက်ကို တုန်တုန်ယင်ယင်နဲ့ လှည့်ကြည့်လိုက်တယ်။ ဘာမှမရှိဘူး။

"မင်း ဘယ်သူ့ကို ရှာနေတာလဲ!. ."

စကားသံ ပီပီသသကြီး ကြားလိုက်ရပြန်တယ်။

အသံက ကျွန်မကို မိုးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ချက်ချင်း အပေါ်ကို မော့ကြည့်လိုက်တော့လည်း ဘာမှမတွေ့ပြန်ဘူး။

"မင်း. . ငါ့ကို ရှာနေတာလား!. ."

"ဟင့်အင်း. . မဟုတ်. . မဟုတ်ပါဘူး၊ ကျွန်မ. . ကျွန်မ ရှင့်ကိုမရှာပါဘူး"

ကျွန်မ အကြောက်အကန် ငြင်းလိုက်မိတယ်။

ခုလို ချက်ကျနေတဲ့ အခန်းတစ်ခန်းထဲမှာ သူ့ကိုသာမြင်လိုက်ရရင်. . .။

"မင်း. . မညာနဲ့"

"မ. . မညာပါဘူး၊ ကျွန်မ ရှင့်ကို တကယ်မရှာပါဘူး"

"မဟုတ်ဘူး. . . မင်းညာတယ်၊ ငါ့ချခဲ့တဲ့ ပတ်တီးစတွေကို ကြည့်ပြီး မင်း ငါ့ကိုလိုက်ရှာနေတယ် မဟုတ်လား!"

"ဟို. . ကျွန်. . ကျွန်မ. ."

ကျွန်မ စကားတွေထစ်ငေါ့ပြီး. . ဘာဆက်ပြောရမလဲ စဉ်းစား မရတော့ဘူး။ အသက်ကိုသာ အောင့်ထားမိတယ်။

"ငါ. . ဒီမှာပါ"

မြတ်စွာဘုရား. .။

အသံက ကျွန်မ အနောက်တည့်တည့်က. . .။

သူ. . သူ. . ကျွန်မကို ကိုယ်ထင်ပြတော့မယ် ထင်ပါရဲ့။

ကျွန်မ ချက်ချင်းလှည့်မကြည့်ရဲဘူး။

ကျွန်မ နောက်ကျောတစ်ပြင်လုံး ကြက်သီးတဖြန်းဖြန်း



www.burmeseclassic.com

www.burmeseclassic.com



ထ,နေတယ်။

အံတင်းတင်းကြိတ်ပြီး ခေါင်းကိုငုံ့ကာ ကြမ်းပြင်ကို ဖြည်းဖြည်းချင်းလှည့်ပြီး ကြည့်လိုက်တယ်။

အနက်ရောင် ဂါဝန်စကို တွေ့လိုက်ရတယ်ဆိုရင်ပဲ. . တံခါးလက်ကိုင်ဘုကို အားကုန်ဆွဲဖွင့်ပြီး. . ကျွန်မ ပြေးထွက်ခဲ့တယ်။ ခုနက ချက်ကျနေတဲ့တံခါးဟာ အခုတော့. . ကျွန်မကြောက်အားလန့်အားနဲ့ ဆွဲဖွင့်လို့ပဲလားမသိ၊ လွယ်လင့်တကူပဲ ဖွင့်လို့ရခဲ့တယ်. .၊ တော်သေးတာပေါ့. .။

"ဟော့. . မပြေးနဲ့"

ဟင့်အင်း. . ကျွန်မ ရှင့်လက်မှာ အမိမခံနိုင်ဘူး. .။

ဒါဆို. . ပြေးမှဖြစ်မှာပေါ့. .။

"မပြေးနဲ့နော်. . . နင် ငါ့လက်က မလွတ်ပါဘူး"

ကျွန်မ လိပ်ပြာလွင့်မတတ် အားကုန်ပြေးရင်း ပတ်တီးပုံပေါ် ချော်လဲကျသွားတယ်။

"အား. ."

ကျွန်မ ခြေထောက်တွေဟာ ပတ်တီးစတွေနဲ့ ငြိနေတယ်။

ပတ်တီးစတွေကို ကျွန်မ အလောတကြီး ဆွဲဖယ်နေမိပေမယ့် သူ့သက်မဲ့ခန္ဓာကိုယ်ကြီးနဲ့ ထိတွေ့ခဲ့တာမို့ စိတ်ထဲတော့ မသန့်လှဘူး။

"ဟိတ်!. ."

အသံနက်ကြီးသာ ကြားလိုက်ရပြီး ကျွန်မ ရှောင်ချိန်မရ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဘူး။ ခရီးသည်တွေဆီ အစားအသောက်တွေတင်ပြီး တွန်းသွားရတဲ့ အံဆွဲခုံကြီးဟာ လဲကျနေတဲ့ ကျွန်မဆီ အရှိန်နဲ့ပြေးလာတယ်။

"ဝုန်း!. ."

ကျွန်မ အားခနဲ အော်လိုက်မိချိန်မှာ. . ကျွန်မ နဖူးမှာ ပူခနဲ ဖြစ်သွားတာ သတိထားလိုက်မိတယ်။

ကျွန်မနဖူးဟာ အံဆွဲခုံစောင်းနဲ့ တိုက်မိသွားတာပါ။

ကျွန်မ နဖူးကို အသာကိုင်ကြည့်လိုက်တော့ စေးပျစ်ပျစ် အရည်တွေကို စမ်းမိတယ်။

သွေး. . သွေးတွေ. . ။

"ဟား. . ဟား. . ငါမပြောဘူးလား. . မင်း ငါ့လက်ကမလွတ်ပါဘူး ဆိုတာ"

ကျွန်မ အနောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့. .

ကျွန်မကို ငုံ့ကြည့်နေတဲ့ မကောင်းဆိုးဝါးမျက်နှာကြီးကို တွေ့လိုက်ရတော့တယ်။

သူ့မျက်နှာကြီးမှာ. . ကျပ်စေ့လောက် ပြူးထွက်ပြီး ရဲရဲတောက်နေတဲ့ မျက်လုံးနှစ်လုံးကလွဲပြီး ဘာမှမရှိတော့ဘူး။

ကျွန်မ ချက်ချင်းလူးလဲထပြီး ပြေးမိပြန်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)



"အိုင်ကယ်လ်. . အန်ကယ်လ်. . . တံခါး အမြန် ဖွင့်ပေးပါ။ ကျွန်မကို မကောင်းဆိုးဝါးကြီးက လိုက်သတ်နေပါပြီ တံခါးဖွင့်ပေးပါ. . ."

ကရုဏာ လေယာဉ်မောင်းခန်းတံခါးကို တဝုန်းဝုန်းထု ရင်း ငိုယိုပြီး ဖွင့်ခိုင်းနေမိတယ်။

စက်ခန်းထဲက လှုပ်ရှားသံ တစ်စုံတစ်ရာ မကြားရဘူး။

www.burmeseclassic.com



သူတို့ ခုထိ ကျွန်မကို မယုံကြည်ကြသေးဘူးလား။

ဘယ်အချိန်ကျမှ ကျွန်မစကားကို ယုံကြည်ကြမှာလဲ။

ကျွန်မ သေတော့မှာလား!. . . ။

"အန်ကယ်လ်. . . ကျွန်မ တကယ်ပြောတာပါ. . ယုံပါ။ ကျွန်မကို လိုက်သတ်နေပါတယ်. . ။ ကျွန်မ သေရပါတော့မယ်၊ ကျွန်မကို တံခါးဖွင့်ပေးပါ အန်ကယ်လ်ရယ်"

ကျွန်မ အနောက်ကို လှည့်မကြည့်ရဲဘူး။

ကျွန်မအနောက်မှာ မကောင်းဆိုးဝါးကြီး ရှိနေမယ်ဆိုတာ လှည့်မကြည့်ဘဲနဲ့ ကျွန်မသိနေပါတယ်။

လေယာဉ်မောင်းခန်းတံခါး ဝုန်းခနဲ ပွင့်ပြီး အန်ကယ်လ်ကြီးဟာ ဒေါသတကြီး ထွက်လာပါတယ်။

"မင်း ဘယ်လိုဖြစ်နေလဲ ကရုဏာ၊ ဒီခရီးစဉ်တလျှောက်လုံး မင်း ငါတို့ကို အနှောင့်အယှက် ပေးနေတော့မှာလားဟင်၊ မင်း တော်တော်လွန်နေပြီ၊ မင်း သရဲသိပ်ကြောက်တတ်ရင်လည်း ဘုရားစာရွတ်နေဖို့ ကောင်းတယ်၊ သတိအင်မတန်ထားပြီး အလုပ်လုပ်နေရတဲ့ ငါတို့ကို မနှောင့်ယှက်သင့်ဘူး"

"မဟုတ်ပါဘူး. . မဟုတ်ပါဘူး၊ ကျွန်မ နှောင့်ယှက်တာ မဟုတ်ပါဘူး အန်ကယ်လ်ရယ်၊ ကျွန်မ. . ကျွန်မတကယ့်ကို. ."

"ဘာလဲ. . . ပြော၊ ဒီအလောင်းကို ခုထိ ရှာမတွေ့သေးဘူးလား!. ."

"မဟုတ်ဘူး အန်ကယ်လ်. . . ပြန်တွေ့ပါပြီ၊ ပြန်တွေ့လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို လိုက်သတ်နေလို့ ကယ်ပါဦး၊ ကျွန်မ. . ကျွန်မ စက်ခန်းမှာပဲ နေပါရစေ"

"ဘာ. . မင်းကို အလောင်းကြီးက လိုက်သတ်နေတယ် ဟုတ်လား!၊ မင်း ဘာတွေ စတန့်ထွင်ပြန်ပြီလဲ ကရုဏာ"

"ကျွန်မ တကယ်ပြောတာပါ အန်ကယ်လ်ရယ်. . ၊ အန်ကယ်လ်မယုံရင် ကျွန်မနောက် လိုက်ခဲ့ပါ"

"ဆောရီးပဲ မိန်းကလေး၊ လောကကြီးမှာ တကယ်မရှိတဲ့ နာနာဘာဝကောင်ကို မင်းနောက်လိုက်ကြည့်ရအောင် ငါမအားဘူး. . ."

အန်ကယ်လ်ကြီးမှာ တံခါးကို ဝုန်းခနဲ ပြန်ပိတ်သွားခဲ့ပြီ။

ကရုဏာ မျက်ရည်အရွှဲသားနှင့် တံခါးကိုမှီကာ စိတ်ဖျက်လက်ပျက် ဒူးညွှတ်ကျသွားတော့သည်။

သို့သော် ခဏချင်းမှာ စိတ်ကိုပြန်တင်းပြီး ထ,လိုက်သည်။

ဒီနာနာဘာဝလက်နဲ့ အသေမခံနိုင်ဘူး။

လေယာဉ်ပေါ်က လွတ်အောင်ပြေးရမယ်. . ။

ကရုဏာရဲ့စိတ်တွေ ယောက်ယက်ခတ်နေပြီ. . ။

အနောက်ခန်းထဲ တဟုန်ထိုးပြေးပြီး ဗီရိုကို အလောတကြီးဖွင့်သည်။

တွေ့ပြီ. . လေထီးဝတ်စုံ။

ကပျာကယာ လက်လျှိုသွင်းလိုက်သည်။

လက်နက်ကိရိယာတစ်ခုခုကို လိုက်ရှာရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗီရိုအနံ့ လိုက်ရှာသည်။ မတွေ့. . ။

မတွေ့လို့ မဖြစ်ဘူး။ ဒီလေယာဉ်ပေါ်က လွတ်မြောက်ဖို့ လက်နက်တစ်ခုခုရမှ ဖြစ်မယ်။

နောက်ဆုံး ပန်းကန်တွေထားသည့်. . အောက်ဆုံးထပ် ထောင့်လေးထဲမှာ ရဲဒင်းအသေးတစ်လက်ကို တွေ့ရသည်။

ရပြီ။ ကရုဏာစိတ်ထဲ ဘာမှမကြောက်တော့။

ကျွန်မ အားလုံးကိုရင်ဆိုင်ရဲပြီ။

"မင်းကိုယ်မင်း ဟုတ်လှပြီပေါ့. . . ဟုတ်လား!"

ရုတ်တရက်ကြီး မျက်စိရှေ့ ဘွားခနဲ ပေါ်လာတော့. . ကရုဏာ လန့်ဖျတ်သွားရပါတယ်။

ဒါပေမယ့်. . ရဲဒင်းကို တင်းတင်းဆုပ်ပြီး ကိုယ့်စိတ်ကိုယ် အားတင်းလိုက်ပါတယ်။

"မင်းက ငါ့ကိုသတ်မယ်ပေါ့ ဟုတ်လား!. ."

ရဲဒင်းကို ကိုင်မြှောက်ပြီး ရွယ်သာရွယ်ထားတာပါ. . ၊ တကယ်တမ်း ကရုဏာမှာ ခုတ်ရဲတဲ့သတ္တိ မရှိပါဘူး။

"မင်းမသိဘူးလား၊ ငါက ဝိညာဉ်ဖြစ်သွားပြီလေ၊ ဝိညာဉ် ဆိုတာ ဘယ်လိုနည်းနဲ့မှ သတ်လို့မရဘူး၊ မင်းလက်လျှော့လိုက် ပါ. ."

သူက ကရုဏာကို စူးစူးရဲရဲကြီး စိုက်ကြည့်ပြီး ပြောနေ တာပါ။

သူ့မျက်လုံးကြီးနှစ်လုံးဟာ မျက်နှာပြင်ပေါ်မှာ ရွှေ့နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

တစ်ခါတစ်လေ . . နှာရင်းပေါ်မှာ အလယ်တစ်နေရာ တည်း မျက်စိနှစ်လုံး ထပ်ပြီး ပူးချင်ပူးနေတယ်။

ပြီးတော့ . . သူ့ပါးစပ်ပေါက်ဟာ ဟ,သာ ဟထားတယ် နှုတ်ခမ်းသားတွေ မလှုပ်ဘဲ စကားသံထွက်လာတာပါ။

သူ ကရုဏာကို သွေးပျက်အောင် အမျိုးမျိုး ခြောက်လှန့် နေတာပါ။

ကရုဏာ သူ့မျက်နှာကို မကြည့်ဘဲ မျက်နှာလွှဲထားရင်း ပြန်ပြောလိုက်တယ်။

"ကျွန်မ ရှင့်ကိုဘာမှမလုပ်ပါဘူး၊ ကျွန်မဘာသာ လေ သာဉ်ပေါ်က ဆင်းပြေးမလို့ပါ . ."

"ဟင့်အင်း . . . မပြေးရဘူး၊ မင်းကို ငါ့လက်နဲ့ ငါကိုယ် တိုင်သတ်ရမှ ကျေနပ်မယ်၊ မင်း ဆင်းမပြေးရဘူး"

မကောင်းဆိုးဝါးမကြီးဟာ လက်တံရှည်ကြီးတွေကို ရှေ့ ဆန့်ထုတ် ပြီး တရွေ့ရွေ့နဲ့ ရှေ့တိုးလာပါတယ်။

"ဟင့်အင်း . . ဟင့်အင်း . . မသတ်ပါနဲ့၊ ကျွန်မကိုမသတ် ပါနဲ့ . ."

ကျွန်မ သူ့လက်ကလွတ်အောင် လှည့်ပတ်ပြေးပြီး ပြ တင်းပေါက်နား တိုးကပ်လိုက်တယ်။

ထိုင်ခုံကို အကာအကွယ်ယူပြီး ပြတင်းမှန်ကို ရိုဒင်းနဲ့ အားကုန်ရိုက်ခွဲနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်!. . ဒုတ်!. ."

ဒါပေမယ့် ထင်သလောက် မလွယ်ဘူး. . ၊ မှန်ကူချည်း ထူလွန်းလှတယ်။

ကျွန်မတစ်ကိုယ်လုံးလည်း ပင်ပန်းနွမ်းနယ်လှပါပြီ။

"ဟော့. . ဟော့. . မင်းဘာလုပ်နေတာလဲ!၊ ကရုဏာ. . ရပ်လိုက်စမ်း၊ ခု. . ရပ်လိုက်စမ်း"

ပိုင်းလော့အန်ကယ်လ်ကြီးက အခန်းထဲက ထိတ်ထိတ်ပျာပျာ ထွက်လာရင်း ကရုဏာကို စိုးရိမ်တကြီး တားမြစ်တယ်။

ဆံပင်တွေဖွာလန်ကြဲပြီး ချွေးတွေသံတွေတရွှဲရွှဲနဲ့ ဖရိုဖရဲဖြစ်နေတဲ့ ကရုဏာပုံစံကိုကြည့်ပြီး အန်ကယ်လ်ကြီး ပိုစိုးရိမ်သွားပါတော့တယ်။

"ရပ်လို့မဖြစ်ဘူး အန်ကယ်လ်၊ ကျွန်မ. . ကျွန်မ. . သူ့လက်ချက်နဲ့ အသေမခံနိုင်ဘူး"

"သူ. . ဘယ်သူလဲ!. . သူဆိုတာ ဘယ်သူလဲ!. . ၊ မင်းအသက်မရှိတော့တဲ့ ဒေါ်နန်းဧကရီကို တရားခံရှာနေတာလား"

"ဒေါ်နန်းဧကရီဟာ အသက်မရှိတော့ပေမယ့် ဝိညာဉ်ကရှိတယ် အန်ကယ်လ်"

"ဘယ်လို. . ကရုဏာ၊ မင်းပြောတာက ဝိညာဉ်ရှိတယ်ဟုတ်လား!. ."

ကရုဏာက ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်ပြီး. .

"ဟုတ်တယ် အန်ကယ်လ်၊ သူ နာနာဘာဝ ဝိညာဉ်ဘဝနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို လိုက်သတ်နေတယ်၊ အဲဒါကြောင့် ကျွန်မ လေယာဉ် ပေါ်က ဆင်းပြေးမလို့"

ကရုဏာက လုပ်လက်စအလုပ်ကို ဆက်လုပ်ဖို့ ပြင်လိုက် ပါတယ်။

မှန်ကို ရဲဒင်းနဲ့ ရွယ်လိုက်တယ်ဆိုရင်ပဲ အန်ကယ်လ်က အလန့်တကြားနဲ့ လက်ကာပြီး. . .

"ဟိတ်. . ဟိတ်. . မင်းရူးနေလား!၊ မင်း ငါတို့အားလုံး ကို သေတွင်းပို့မလို့လား"

အန်ကယ်လ်ကြီးက ကရုဏာရဲ့လက်ထဲကရဲဒင်းကို မရ အရ ဝင်လုပါတယ်။

ရဲဒင်းကို ရလိုက်တာနဲ့ လွှင့်ပစ်ပြီး ကရုဏာကို အတင်း သိုင်းချုပ်ပါတော့တယ်။

"လွှတ်. . . လွှတ်ပါ. . . ကျွန်မကို လွှတ်ပေးပါ၊ ကျွန်မ မကောင်းဆိုးဝါး သတ်လို့ သိက္ခာအကျခံပြီး မသေပါရစေနဲ့. .၊ ကျွန်မ ဒီလေယာဉ်ပေါ်က ထွက်ပြေးမှဖြစ်မယ် လွှတ်ပါ၊ ကျွန်မ ကိုလွှတ်ပါ အန်ကယ်လ်ရဲ့. . ."

ကျွန်မ အန်ကယ့်လ်ကို သွေးရူးသွေးတန်းပြောပြီး အ တင်း ရုန်းကန်မိတယ်။

မရပါဘူး၊ ယောက်ျားကြီးတစ်ယောက်ရဲ့အားကို ကျွန်မ ဘယ်လို ဆန့်ကျင်နိုင်မှာလဲ။

အန်ကယ်လ်က ကျွန်မကို ချိုင်းအောက်ကနေ မ,ပြီး



www.burmeseclassic.com

www.burmeseclassic.com


ဒရွတ်ဆွဲ မ,ချီလာပါတယ်။

ကျွန်မ. . လွှတ်ပါ တစာစာ အော်ရင်း ရုန်းရင်းကန်ရင်း ပါလာပါတယ်။

အန်ကယ်လ်က ကျွန်မခုံဆီရောက်လျှင် လက်နှစ်ဘက်ကို အပေါ်ကိုမြှောက်ပြီး. . ကြိုးနဲ့ တင်းတင်းကြပ်ကြပ် မြဲမြဲနေအောင် ချည်လိုက်ပါတော့တယ်။

ကျွန်မ မျက်လုံးအစုံ ပြူးကျယ်သွားရတယ်။

ဘာလို့လဲဆိုတော့. . .

ကျွန်မကို တစ်ချိန်လုံး လိုက်သတ်နေတဲ့ မကောင်းဆိုးဝါးမကြီးဟာ ခုတော့လည်း ခုံပေါ်မှာ နဂိုနေအတိုင်း ရှိနေလို့ပါပဲ။

အန်ကယ်လ် ကြိုးချည်ထားတဲ့ ပုံစံအတိုင်း အလောင်းကြီးက တစ်စက်ကလေးမှ ပုံစံမပျက်ယွင်းဘူး။

"မင်းပြောတော့ အလောင်းကြီးက ပျောက်နေတယ်ဆို၊ မင်းကို လိုက်သတ်နေပါတယ်ဆို၊ အခုတော့ ခြေရာလက်ရာမပျက် ရှိလို့ပါလား!. . "

ကျွန်မ. . လက်ကို အတင်းလှုပ်ခါ ရုန်းကန်ရင်းကနေ ရှိုက်ကြီးတငင် ငိုမိပါတော့တယ်။

ကျွန်မ ဒီအလောင်းကြီးနဲ့ မျက်နှာချင်းမဆိုင်ရဲပါဘူးဆို မျက်နှာချင်းဆိုင်ရပြန်ပါပြီကော။

"မဟုတ်ဘူး အန်ကယ်လ်၊ သူ ခုနက တကယ်ကိုပျောက်နေခဲ့တာပါ။ ပြီးတော့. . . လိုက်သတ်နေတာလည်း အမှန်ပါပဲ


www.burmeseclassic.com

www.burmeseclassic.com



တွေးငွေးပြုပြီး ကျွန်မကို ကြိုးဖြည်ပေးပါ အန်ကယ်လ်ရယ်၊ ကျွန်မကို သူ့ရှေ့မှာ ကြိုးချည်ထားတာဟာ လည်စင်းပြီး အသတ်ခိုင်းတာနဲ့ အတူတူပါပဲ”

ကျွန်မ သည်းသည်းထန်ထန် ငိုကြွေးရင်း ဗလုံးဗထွေး ပြောနေမိပါတယ်။

ကျွန်မဘဝ ဆုံးရတော့မှာလား!. . .။

အန်ကယ်လ်ကြီးက ကျွန်မခေါင်းကို နှစ်သိမ့်အားပေးသလို ဖွဖွပုတ်ပြီး. . .

“ကရုဏာ. . သမီး. . . အန်ကယ်လ်ပြောမယ်၊ သမီးရဲ့စိတ်ကို တည်ငြိမ်အောင် ကြိုးစားပါ၊ အဲ့ဒီအလောင်းကောင်ကြီးဟာ ပတ်တီးနဲ့ အထပ်ထပ်ပတ်ထားတဲ့အတွက် သမီးကို မျက်လုံးသည်း ပြူးမပြနိုင်ဘူး. . လျှာကြီးလည်း ထုတ်မပြနိုင်ဘူး၊ သမီးမမြင်နိုင်တာကို ဘာမှတွေးမကြောက်ပါနဲ့. . .

နောက်ပြီး. . ဒီအလောင်းကြီးကို အန်ကယ်လ် ထိုင်ခုံမှာကြိုးနဲ့အသေအချာ တုပ်ထားတာပါ. .၊ ဟော့ဒီလေယာဉ် ဘယ်လောက်လှုပ်လှုပ် ဒီကြိုးတွေ မှပြေနိုင်ပါဘူး၊ တကယ်လို့. . ဒီအလောင်းကို ကြိုးဖြည်ပေးမယ့်သူ ရှိရင်တောင် အသက်မရှိတော့တဲ့ ဒီအလောင်းကြီးဟာ မင်းကို ဘာမှမလုပ်နိုင်ပါဘူး၊

မင်းရဲ့စိတ္တဇတွေကို ထိန်းပါ သမီးရယ်၊ ကိုယ့်စိတ်နိုင်ယ်တည်ငြိမ်အောင် ထိန်းချုပ်ပါ. . . ဟုတ်ပြီလား. . ”

ကျွန်မ အန်ကယ့်လ်ကို ဘယ်လိုနည်းနဲ့မှ ရှင်းပြဖို့ မကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားတော့ပါဘူး။

အန်ကယ်လ်ဟာ ကျွန်မကို အရူးတစ်ယောက်လို့ မပြောရုံတမယ်၊ စိတ်ထဲကတော့ သတ်မှတ်လိုက်တာ သိလိုက်ပါပြီ။

အန်ကယ်လ်ကြီးလည်း သူ့အခန်းသူ ပြန်သွားပါပြီ။

ကျွန်မ မငိုတော့ပါဘူး။

စိတ်လျှော့ပြီး မျက်လုံးစုံမှိတ်ထားလိုက်တာက ခုနေမှာ ကျွန်မအတွက် အကောင်းဆုံးဖြစ်လိမ့်မယ် ထင်ပါတယ်။

ကျွန်မ မျက်လုံးတွေကို ကြပ်နေအောင် မှိတ်ထားလိုက်တဲ့ အချိန်မှာ. . .။





www.burmeseclassic.com

www.burmeseclassic.com



"အဟု!. . အဟု!. ."

ချောင်းဆိုးသံသဲ့သဲ့ကြောင့် ကျွန်မရဲ့မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားခဲ့တယ်။ ချောင်းဆိုးသံဟာ အလောင်းဆီက ထွက်ပေါ်လာတာပါ။

ကျွန်မ မျက်နှာကို လမ်းဘက်လှည့်ထားလျက်က မျက်လုံးလေးပဲ ထောင့်ကပ်စွေပြီး အလောင်းဆီ လှမ်းကြည့်လိုက်တယ်။

"အဟမ်း!. . အဟမ်း!. . အဟမ်း!. ."

ချောင်းဆိုးသံကြီးဟာ တစ်စထက်တစ်စ မြင့်ထန်လာတယ်။ ပတ်တီးစည်းထားပေမယ့် ရင်ဘတ်နေရာလောက်သိက သိသိသာသာကြီး နိမ့်လိုက်မြင့်လိုက် လှုပ်ရှားလာတယ်။

တကယ့်သက်ရှိလူတစ်ယောက် ချောင်းဆိုးရင် လှုပ်ခါ



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး ရင်ဘတ်ကြီးဟာ လှုပ်ရှားနေတာပါ။

ကျွန်မ ခပ်စွေစွေကြည့်ရင်းက တံတွေးတစ်ချက် မျိုချမိတယ်။

မကောင်းဆိုးဝါးမကြီးဟာ ကျွန်မကို စတင်ခြောက်လှန့်နေပြီဆိုတာ သိလိုက်ပါတယ်။

ရင်ဘတ်ကြီးရဲ့ အဆမတန် လှုပ်ရှားတဲ့ တုန်ခါမှုကြောင့် ထိုင်ခုံမှာ သိုင်းပြီး စည်းတုပ်ထားတဲ့ကြိုးတွေဟာ တဖြည်းဖြည်းချင်း ပြေသွားတယ်။

ကျွန်မရင်ထဲ တဒိန်းဒိန်း မြည်ဟိန်းသွားတယ်။

သူ့. . သူ့ဆီမှာ ကြိုးတွေမရှိတော့ဘူး။

ကျွန်မ ကြောက်မက်စိုးထိတ်ဆဲမှာ အလောင်းကောင် ကိုယ်ခန္ဓာကို ရစ်ပတ်ထားတဲ့ ပတ်တီးစတွေပါ အလွှာလိုက် အချပ်လိုက် ကွာကျလာတာ မြင်တွေ့လိုက်ရတယ်။

ပတ်တီးတွေအားလုံးကွာလို့ အကောင်လိုက် တွေ့လိုက်ရတယ်ဆိုရင်ပဲ. . ကျွန်မဟာ လိပ်ပြာလွင့်မတတ် ဖြစ်သွားရပါတယ်။

ကျွန်မကို အပြုံးတကြီး စိုက်ကြည့်နေတဲ့ ဒေါ်နန်းကေရီ။

ပတ်တီးပြေသွားတဲ့ သူ့ခန္ဓာကိုယ်ရဲ့တောင့်မတ်နေပုံက အုတ်ဂူတစ်လုံးရဲ့ ကမ္ပည်းတိုင်တစ်တိုင်လိုပဲ ကျက်သရေကင်းမဲ့လှတယ်။

မျက်လုံးကြီးတွေကလည်း မီးထတောက်တော့မတတ်

www.burmeseclassic.com

www.burmeseclassic.com



ရဲရဲနီပြီး လောင်မြိုက်ပြူးထွက်နေတယ်။

အမိုးဂေါက်ဂက် ခန္ဓာကိုယ်ပေါ်မှာ လွှာလွှာလေးတင်နေတဲ့ အရေပြားရဲ့အရောင်ကလည်း ကြည်ပြာရောင် ပိန်းပိန်းကြီး အဖြစ် ပြောင်းလဲနေပြီ။

အလာခရီးစဉ်တုန်းက မြင်တွေ့ခဲ့ရတဲ့ ဒေါ်နန်းစောရီရဲ့ အခု အပြန်ခရီးစဉ်မှာ လိုက်ပါလာတဲ့ ဒေါ်နန်းစောရီဟာ နာရီပိုင်းကလေးအတွင်းမှာ အပြောင်းလဲကြီး ပြောင်းလဲလို့သွားပါပြီ။

အခုလက်ရှိ ဒေါ်နန်းစောရီဟာ. . နာနာဘာဝဝိညာဉ်။

ကြောက်မက်ဖွယ်အတိ ရုပ်ကြီးနဲ့ နာနာဘာဝဝိညာဉ်။

သူမ သွေးပျက်မတတ် ကြောက်မက်နေမိဆဲမှာပဲ. . မကောင်းဆိုးဝါးကြီးဟာ ရှေ့ကို ကုန်းလိုက်ပြီး 'ဝေါ့'ခနဲဆို အန်ပြပါတော့တယ်။ အစိမ်းရောင် စေးပျစ်ပျစ်အရည်တွေ. . .။

ဘုရား!. . ဘုရား!. . ။

ဒေါ်နန်းစောရီဟာ သေခါနီးဆဲဆဲမှာ အစာအဆိပ်သင့်ပြီး အဲ့သလို အန်သွားခဲ့တာ. . ။

သူမအတွေးမဆုံးဆဲ မကောင်းဆိုးဝါးကြီးဟာ သူမ မျက်နှာရှေ့ တိုးလာတယ်။

"မှတ်မိလား. . . ငါသေခါနီး အဲ့ဒီလို ဝေဒနာတွေ ခံစားခဲ့ရတာ"

ကျွန်မ မကောင်းဆိုးဝါးကြီးရဲ့မျက်နှာနဲ့ မင်းအောင် တိုယ့်မျက်နှာကို ဟိုဘက်ဒီဘက်ယိမ်းပြီး ရှောင်နေရင်းက ပြန်



www.burmeseclassic.com

www.burmeseclassic.com



ငြင်းမိတယ်။

"ဟင့်အင်း . . ကျွန်မ . . ကျွန်မ မသိဘူး"

"မငြင်းနဲ့ . . . ငါသိတယ်၊ နင် ငါ့ကို တမင်လုပ်ကြံမှန်း ငါသိတယ်၊ ငါသေမှ နင်ပွဲတက်မယားဖြစ်ရမှာ မဟုတ်လား!. .၊ ဒါကြောင့် နင် ငါ့ကို တမင်သေကြောင်းကြံတာ ငါသိတယ်"

"မဟုတ်ပါဘူး . . တကယ်မဟုတ်ပါဘူး၊ ကျွန်မ ပွဲတက် မယားဖြစ်ချင်လို့ ရှင့်ကိုသေကြောင်းကြံခဲ့တာ မဟုတ်ရပါဘူး၊

ရှင့်ရဲ့မောက်မာရိုင်းပျလွန်းတဲ့ အပြုအမူတွေကို ခံပြင်း မုန်းတီးလွန်းလို့ ကျွန်မ အဲ့ဒီလိုလုပ်ခဲ့မိတာပါ၊

ကျွန်မ . . ကျွန်မ ရှင့်အပေါ် သေစေလိုတဲ့စိတ် လုံးဝမရှိ ခဲ့ပါဘူး . . . ယုံပါ"

ကျွန်မ ဝန်မခံပါဘူး။

သူ ကျွန်မအပေါ် ထားတဲ့အမြင် ပြေလိုပြေငြား လိမ်ညာ ပြောလိုက်မိတယ်။

"ရှိတယ် . . . နင် ငါ့ကို သေစေလိုတဲ့စိတ် ရှိကိုရှိတယ်၊ ရှိလို့ ငါ သေအံ့မူးမူး ဖြစ်နေတဲ့အချိန်မှာ . . နင် အရသာရှိရှိ လက်ပိုက်ကြည့်နေခဲ့တာပေါ့၊ ငါမသိဘူးများ ထင်လို့လား!. .၊ နင့်ကို ငါ ဘယ်တော့မှ မကျေဘူး၊

ငါ့ကျိန်စာအကြောင်း နင့်ကို ငါပြောပြခဲ့တယ် မဟုတ် လား၊ ငါ့ကို စိတ်နှလုံး မချမ်းမြေ့အောင် နှောင့်ယှက်တဲ့ မိန်းမတွေ ငါ့လိုပဲ စိတ်နှလုံးမချမ်းမြေ့ရပါစေနဲ့ . . ကြေကွဲရပါစေ . .၊



www.burmeseclassic.com

www.burmeseclassic.com



ငါဟာ သူတို့ကို ရှင်လျက်နဲ့ ကလဲ့စား မချေရရင်. . ဝိညာဉ်ဘဝနဲ့ ကလဲ့စားချေခွင့် ရရပါစေလို့ ကျိန်ခဲ့တယ်လို့ ပြောခဲ့တယ် မဟုတ်လား"

ကျွန်မအသည်းတွေ နှလုံးတွေ ကြေကျပြီး ထင်ရလောက်အောင် ရင်တွေ တဒိန်းဒိန်းခုန်ပြီး နားထင်ဆီမှာလည်း တဒုန်းဒုန်း သွေးတိုးနေမိတယ်။

"အခု နင်ဟာ သေရတော့မယ်လို့ သိလိုက်ရတဲ့အချိန်မှာ ဘယ်လိုခံစားရသလဲဟင်. .၊ နင် ငါ့ကို ကိုယ်ချင်းစာတတ်ပြီလား!. ."

"ကိုယ်ချင်းစာတတ်ပါပြီ. .၊ ကျွန်မ. . ရှင့်ကို တကယ် ကိုယ်ချင်းစာတတ်ပါပြီ"

ကျွန်မ ဆက်မညာနိုင်တော့ဘဲ အမှန်အတိုင်း ဝန်ခံလိုက်မိပါတော့တယ်။ ကျွန်မ တကယ့်ကို နာနာကျင်ကျင် ဝန်ခံလိုက်မိပါတယ်။ သူပြောဖူးတဲ့ စကားတစ်ခွန်းကိုလည်း ဖျတ်ခနဲ သတိရလိုက်မိတယ်။

(သေခါနီးမှာတော့. . . သွေးရဲရဲ သံရဲရဲကြားက ငါ့ကို ခွင့်လွှတ်ပါလို့ အထပ်ထပ်အခါခါ တောင်းပန်ခဲ့ရှာပါတယ်၊ ဒါပေမယ့် ငါ ဘာမှမတတ်နိုင်တော့ဘူး။ ငါ့ကျိန်စာက လက်လွန်သွားပြီ)

ကျွန်မရဲ့အသိအာရုံထဲ လင်းခနဲ ဖြစ်သွားခဲ့ပါတယ်။

သူဟာ ဝန်ချတောင်းပန်တာကို လိုချင်တဲ့သူများလား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဝန်ချတောင်းပန်ခဲ့ရင် သူ ကျွန်မကို အသက်ချမ်းသာခွင့် ပေးမလား။

ကျွန်မဟာ မျှော်လင့်ချက်ရေးရေးကလေးနဲ့. . .

"ကျွန်မ. . ကျွန်မ. . မှားခဲ့ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မရဲ့အပြစ်တွေကို ခွင့်လွှတ်ပေးပါ၊ ကျွန်မတောင်းပန်ပါတယ်"

နာနာဘာဝတစ်ကောင်ကို ခုလိုမျိုး တောင်းပန်ရလိမ့်မယ်လို့ ကျွန်မတစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ စိတ်ကူးမကြည့်ခဲ့ဖူးပေမယ့် ခုတော့ တကယ်တောင်းပန်နေရတဲ့အဖြစ်။

အဲ့ဒီအချိန်မှာ မကောင်းဆိုးဝါးမကြီးရဲ့မျက်လုံးအရောင်ဟာ ပြောင်းလဲသွားခဲ့တယ်။

မီးတောက်လို နီရဲနေတဲ့ မျက်လုံးအိမ်ကြီးဟာ ဖျတ်ခနဲဆို စိမ်းနက်သွားခဲ့တယ်။

"ဩော်. . . ဟိုတစ်ယောက်လိုပဲ မင်းကလည်း ငါ့ကိုတောင်းပန်ပြီပေါ့. . ဟုတ်လား!၊ ငါက ခွင့်လွှတ်ပေးရမယ်ပေါ့"

မကောင်းဆိုးဝါးမကြီးဟာ မခိုးမခန့် တစ်ချက်ရယ်လိုက်ပါသေးတယ်။

သူရယ်လိုက်တော့. . ရဲရဲနီနေတဲ့ သွားဖုံးတွေကြားကသွားစွယ်ချွန်ချွန်တွေ ထွက်ကျလာတာကို မြင်လိုက်ရတာနဲ့. . ကျွန်မ ဆတ်ခနဲ တုန်သွားမိပါတယ်။

"မင်းဟာ ငါ့ခွင့်လွှတ်ခြင်းနဲ့ တန်ရဲ့လား!၊ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားစမ်း၊ ငါ့အသည်းကိုလည်း ခွဲသေးတယ်၊ ငါ့ကိုလည်း သေကြောင်းကြံစည်ခဲ့သေးတယ်"

မကောင်းဆိုးဝါးမကြီးဟာ ကျွန်မကို ခွင့်လွှတ်မယ့်ပုံ မပေါ်ပါဘူး။ ကျွန်မ လက်မလျှော့သေးဘဲ ငိုရင်းက တတွတ်တွတ် ဆက်ပြီးတောင်းပန်နေမိတယ်။

"ကျွန်မရဲ့အပြစ်တွေကို ဝန်ခံပါတယ်၊ ကျွန်မ မှားခဲ့ပါတယ်၊ ကျွန်မ သိပ်ကိုမှားခဲ့ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မကို မသတ်ပါနဲ့၊ ကျွန်မကို မသတ်ပါနဲ့နော်. ."

ကျွန်မ ကြိုးတုပ်ခံထားရတာမို့ ပခုံးပေါ် ခေါင်းပြန်မှီတင်ပြီး ဘယ်လောက်ကြာလိုမှန်းမသိ သည်းသည်းထန်ထန် ငိုကြွေးတောင်းပန်နေမိပါတယ်။

ငိုရလွန်းလို့ ကျွန်မ အသက်ရှုရပ်တော့မတတ် မောဟိုက်လာပါတော့တယ်။ မျက်စိမှိတ်ငိုနေရင်းက. . ဘာသံမှမကြားရတော့လို့ ကျွန်မ မျက်လုံးဖွင့်ကြည့်လိုက်တယ်။

"ဟင်!. . ."

ကျွန်မ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတယ်။

သူ မရှိတော့ဘူး။ ကျွန်မရှေ့မှာ သူ မရှိတော့ဘူး။

ကျွန်မ ညာဘက်ကို လှည့်ကြည့်လိုက်တယ်၊ မရှိဘူး။

ဘယ်ဘက်မှာရော. .၊ မရှိဘူး။

ကျွန်မ အသားတွေ တဆတ်ဆတ်တုန်လာတယ်။

သူ. . သူ ကျွန်မကို သတ်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ယောင်ဖျောက်ပြီး သတ်တော့မှာ။

ကျွန်မတစ်ကိုယ်လုံး အေးစက်လာတယ်။ ရင်ထဲမှာလည်း တလှပ်လှပ်ခါနေတယ်။

သူ. . သူ. . မကောင်းဆိုးဝါးမ. . နာနာဘာဝမ၊ ကျွန်မကို ကိုယ်ယောင်ဖျောက်ပြီး. . .

ကျွန်မ အတွေးမဆုံးခင် တစုံတရာဟာ ကျွန်မပခုံးတွေကို ကျော်ပြီး ကျွန်မမျက်နှာရှေ့ ဖောက်ထိုးကြီး ရောက်လာခဲ့တယ်။

ရဲရဲနီနေတဲ့ သွားစွယ်ချွန်ချွန်ကြီးတွေက ထောင်ထနေတယ်။ ပြူးထွက် အက်ကွဲနေတဲ့ မျက်လုံးရဲရဲကြီးတွေက ကျွန်မကို အနီးကပ် စူးစူးကြီး အငြိုးတကြီး စိုက်ကြည့်နေတယ်။

တစ်သက်နဲ့တစ်ကိုယ် တစ္ဆေသရဲကို ခုလို တစ်ခါမှ အနီးကပ် မမြင်ဖူးသေးတဲ့ ကျွန်မဟာ. . .

"အား. . "ခနဲ သွေးပျက်ချောက်ချားစွာ ကြောက်မက်ဖွယ် အသံကြီးနဲ့ အော်ဟစ်အပြီးမှာ. . .

ကျွန်မ နှလုံးသွေးတွေ ရပ်ဆိုင်းပြီး လောကကြီးတစ်ခုလုံး မှောင်အတိကျသွားပါတော့တယ်။

မိန်းမသားတစ်ကောင်ရဲ့ အောင်မြင်ဝံ့ကြွားတဲ့ အငြိုးတကြီး အော်ဟစ်ရယ်မောလိုက်တဲ့အသံကြီးကို မကြားနိုင်တော့ပါဘူး။





www.burmeseclassic.com

www.burmeseclassic.com



သတိ မှတ်ထားတဲ့ ခရီးစဉ်ပြီးဆုံးပြီမို့ လေယာဉ်ဟာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆိုက်နားလိုက်ပါပြီ။

လေယာဉ်တံခါး ဖွင့်လိုက်တယ်ဆိုရင်ပဲ တာဝန်ရှိသူတွေက လေယာဉ်ပေါ် အမြန်အဆန်တက်လိုက်ကြပါတယ်။

အဲ့ဒီအချိန်မှာ. . .

ပတ်တီးဖြူဖြူတွေ အထပ်ထပ်စည်းလို့ ကြိုးတွေနဲ့ ချည်နှောင်ထားတဲ့ အသက်မဲ့ ခန္ဓာကိုယ်တစ်ခုနဲ့. . .

အဲ့ဒီအလောင်းရဲ့အရှေ့မှာ နှလုံးသွေးရပ်ဆိုင်းလို့ အသက်ဝိညာဉ် လွင့်ပါးသွားလေပြီဖြစ်တဲ့ လေယာဉ်မယ်ကလေးရဲ့ အသက်မဲ့ခန္ဓာကိုယ်ကို တွေ့လိုက်ရပါတော့တယ်။

လေယာဉ်မယ်ကလေးရဲ့မျက်လုံးတွေဟာ ကြောက်လန့်တကြား ဖွင့်လျက်သား သေဆုံးနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ပေါ်မှာလည်း. . . ခမ်းခြောက်နေတဲ့ မျက်ရည်စီးကြောင်းတွေကို တွေ့နိုင်ပါတယ်။

လေယာဉ်မယ်ကလေး သေဆုံးနေတာ တွေ့ရတဲ့အတွက် အားလုံးဟာ အံ့ဩတကြီးဖြစ်သွားကြပါတယ်။

အားလုံးက လေယာဉ်မယ်ကလေးက ဒေါ်နန်းဧကရီရဲ့ အလောင်းနဲ့ လေယာဉ်ကိုယ်ထည်ကြီးတစ်ခုထဲမှာ နှစ်ယောက်ထဲနေရတဲ့အတွက်. . အကြောက်လွန်ပြီး နှလုံးသွေးရပ်သွားတာလို့ ယူဆလိုက်ကြပါတယ်။

ပိုင်းလော့အန်ကယ်ကြီးကတော့ ယူကြုံးမရ ဖြစ်လို့ပေါ့။

အားလုံး သတိမထားမိတာ တစ်ချက်ရှိပါတယ်။

အဲ့ဒါကတော့ ဒေါ်နန်းဧကရီရဲ့အလောင်းကို စည်းနှောင်ထားတဲ့ ပတ်တီးဖြူဖြူတွေပေါ်မှာ တပ်ဆင်ပေးထားတဲ့ ဖဲပြားစဟာ နဂိုလက်ရာအတိုင်း မဟုတ်ဘဲ ပြောင်းပြန်ဖြစ်နေတယ်ဆိုတဲ့ အချက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)



ကြီးမေရဲ့ ဇာတ်လမ်းကို ပြီးဆုံးတဲ့အထိ ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေခဲ့တဲ့ ငဲငယ်ဟာ ပြီးဆုံးသွားတဲ့အချိန်မှာတော့ လှုပ်လှုပ်ရှားရှားဖြစ်သွားရပါတယ်။

"ကြီးမေ . . ဒါ . . ဒါဆို လေယာဉ်ပေါ်မှာ နာနာဘာဝဖြစ်သွားတယ်ဆိုတဲ့ အမျိုးသမီးဟာ. . ."

ကြီးမေက မျက်ရည်တွေလည်ရင်းက ခေါင်းကို တဆတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက် ညိတ်ပြပါတယ်။

"ဟုတ်တယ်. . သားလေး၊ သူဟာ. . သားရဲ့. . "

ကြီးမေရဲ့အသံက တိမ်ဝင်သွားတော့တယ်။

ကျွန်တော်လည်း ကြီးမေရဲ့စကားကို ဆုံးအောင် နားမထောင်နိုင်တော့ဘူး။

ကြီးမေအနားက ဝုန်းခနဲဆို ထ,ပြေးထွက်လာခဲ့တယ်။

ကျွန်တော် အမြတ်တနိုး ပစ္စည်းကလေးတွေ သိမ်းထားတဲ့ သေတ္တာကလေးကို အလောတကြီး ဖွင့်လိုက်တယ်။

စိတ်တွေ လှုပ်ရှားလွန်းလို့ ကျွန်တော့်ရဲ့လက်ချောင်းတွေဟာ တုန်ရီလို့နေပါတယ်။

သိပ်ကြာကြာမရှာလိုက်ရပါဘူး။

အသည်းပုံသဏ္ဍာန် စိန်ရှစ်လုံးစီ လက်စွပ်ကလေးကို. . ကျွန်တော် တွေ့လိုက်ပါတော့တယ်။

ဒါဟာ ဖေဖေ မဆုံးခင် ကျွန်တော့်ကို ပေးခဲ့တဲ့လက်စွပ်ကလေးပါ။

ဖေဖေဟာ အတော်ကလေး နေမကောင်းဖြစ်လို့ အိပ်ရာထဲလဲနေတဲ့အချိန်မှာ. . ကျွန်တော့်တစ်ယောက်ထဲကိုပဲ ခေါ်တွေ့ပြီး ပေးခဲ့တာပါ။

ဖေဖေပြောခဲ့တဲ့စကားတစ်ချို့ကိုလည်း ကျွန်တော်မှတ်မိနေပါသေးတယ်။

"သား. . ဒီလက်စွပ်ကလေးဟာ ဖေဖေ ကိုယ်နဲ့မကွာ



www.burmeseclassic.com

www.burmeseclassic.com



အမြတ်တနိုး ထားခဲ့တဲ့ပစ္စည်းပါ၊ မေမေမရှိတော့ရင် ဖေဖေ့ကိုယ်စား ဒီလက်စွပ်ကလေးကို သားဆက်ပြီး သိမ်းထားပေးပါကွယ်"

အဲဒီတုန်းက ဒီလက်စွပ်ကလေးကို ဘယ်သူ့လက်စွပ်လဲလို့တောင် မမေးဘဲ ဖေဖေ့စကားကို နာခံရင်း ကျွန်တော် အမြတ်တနိုး ဆက်သိမ်းထားခဲ့ပါတယ်။

အခုတော့ ကျွန်တော့်ရင်ထဲမှာ မေးခွန်းတွေ အများကြီး ဗလောင်ဆူနေပါပြီ။

ဒီလက်စွပ်ကလေးဟာ ဘယ်သူ့လက်စွပ်လဲ!. . ။

ဒီလက်စွပ်ကလေးရဲ့ပိုင်ရှင်ဟာ ဘယ်သူလဲ!. . ။

ဖေဖေဟာ သူနဲ့ချစ်ကျွမ်းဝင်ခဲ့တဲ့ အမျိုးသမီးတွေကို ဒီလိုပုံစံတူလက်စွပ်ကလေးတွေ လက်ဆောင်ပေးတတ်သတဲ့. . ။

ဒါကြောင့်. . ဒါဟာ ဘယ်သူ့လက်စွပ်လဲဆိုတာ ဖေဖေကိုယ်တိုင်ကလွဲပြီး ဘယ်သူမှ မသိနိုင်တော့ဘူးပေါ့။

မေမေ အမြတ်တနိုး သိမ်းထားခဲ့တယ်ဆိုကတည်းက. . ဒီလက်စွပ်ကလေးဟာ ဖေဖေ့အချစ်ဆုံးသူရဲ့လက်စွပ်ပဲ ဖြစ်မှာပါ။

ဖေဖေ့ရဲ့အချစ်ဆုံးက ဘယ်သူလဲ!။

ဖေဖေ့ရဲ့ပွဲတက်မယား မေမေလား!။

ဟိုလေယာဉ်မယ်လား!. . . ။

လက်စွပ်ကလေးကိုကြည့်ပြီး ကြီးမေပြောခဲ့တဲ့စကားတွေကြောင့် ကျွန်တော်ရင်ထဲ နာကျင်နေခဲ့ပါတယ်။

မေမေဟာ ကြေကွဲခဲ့ရတဲ့ နှလုံးသားအတွက် အငြိုးတ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ လက်စားချေရင်း အဲ့ဒီလေယာဉ်ပေါ်မှာ ခုချိန်ထိ မကျွတ် မလွတ် ရှိဆဲပဲတဲ့လေ. . .။

အဲ့ဒီစကားဟာ သားဖြစ်တဲ့ ကျွန်တော့်ရဲ့နှလုံးသားကို နင့်နင့်သီးသီး နာကျင်ကြေကွဲစေပါတယ်။

အဲ့ဒီအတွက် ကျွန်တော် စွန့်စားမှုတစ်ခုတော့ လုပ်ရမှာ ပါ။

ဟောဒီလက်စွပ်ဟာ မေမေ့ရဲ့လက်စွပ် ဖြစ်ကောင်းဖြစ် နိုင်ရဲ့လို့လည်း မျှော်လင့်မိတဲ့အတွက်. . .

ဟောဒီ စိန်လက်စွပ်ကလေးကို ဘုရားမှာလှူဒါန်းပြီး. . လက်စွပ်ကလေးရဲ့ပိုင်ရှင်ကို. . ကျွန်တော် အမျှအတမ်း ဝေပေး ကြည့်ချင်ပါတယ်။

ကံကောင်းထောက်မလို့ ဒီလက်စွပ်ကလေးရဲ့ပိုင်ရှင်ဟာ မေမေပဲ ဖြစ်ပါစေလို့ ကျွန်တော် မရဲတရဲ ဆုတောင်းနေမိတယ်။

မေမေ့ကို လေယာဉ်ပေါ်မှာ မကျွတ်မလွတ်တဲ့ ဘဝက နေ တခြားကောင်းရာမွန်ရာဘဝတစ်ခုကို အမြန်ဆုံး ကူးပြောင်း လွတ်မြောက်စေချင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်ကလေးကို ဘုရားမှာလှူတော့. . အလှူရှင်အမည်ကို ကျွန်တော် ဘယ်လိုပြောရမှန်းမသိဘူး။

အဲ့ဒါနဲ့ပဲ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ပစ္စည်းဒါယကာမရဲ့ ကောင်းမှုလို့ပဲ ပြောလိုက်ရပါတယ်။

လက်စွပ်ကလေးကို လှူလိုက်တဲ့အချိန်မှာ. . မေမေ့ကို သတိရစိတ်နဲ့ ကျွန်တော့်နှလုံးသားတစ်ခုလုံး နင့်ခနဲ နာကျင်နေခဲ့ပါတယ်။

လက်စွပ်ကလေးပေါ် ကျွန်တော့်ရဲ့မျက်ရည်တွေ မစွန်းထင်းစေချင်လို့ မျက်ရည်မကျမိအောင် ကျွန်တော် ခက်ခက်ခဲခဲ ထိန်းချုပ်ထားခဲ့ရတယ်။

တကယ်လို့ မေမေ့ရဲ့လက်စွပ်ကလေးသာ ဖြစ်ခဲ့မယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်တော့်ရဲ့မျက်ရည်စတွေကြောင့် မေမေ့ကို မပူလောင်စေချင်ဘူးလေ။





www.burmeseclassic.com

www.burmeseclassic.com



ကြီးမေ တားတဲ့ကြားက ကျွန်တော်ဟာ အဲ့ဒီလေယာဉ်နဲ့ ခရီးသွားဖို့ ဇွတ်ထွက်လာခဲ့ပါတယ်။

ကျွန်တော့်မှာ အစီအစဉ်ရှိတယ်လေ။

ခရီးသည်တွေ လေယာဉ်ပေါ် အသီးသီး တက်ကြတဲ့အချိန်မှာ ကျွန်တော်ဟာ နောက်ချန်နေခဲ့ပြီး. . .

"ကျွန်တော်. . လက်စွပ်ကလေးကို ဘုရားမှာ လှူဒါန်းလိုက်ပါတယ်၊ အဲ့ဒီကောင်းမှုကုသိုလ်ကို လက်စွပ်ရဲ့ပိုင်ရှင် ရပါစေလို့ အမျှဝေပေးပါတယ်၊ အမျှ. . အမျှ. . အမျှ. ."

ကျွန်တော် နင့်လိုက်နေတဲ့အသံနဲ့ လေယာဉ်ရဲ့အတွင်းပိုင်းကို စူးစိုက်ကြည့်ပြီး အမျှသုံးကြိမ် ဝေလိုက်ပါတယ်။

"လက်စွပ်ရဲ့ပိုင်ရှင်ဟာ လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဟောဒီလေယာဉ်ပေါ်မှာ နာနာဘာဝ ဖြစ်နေရတဲ့ ဘဝဆိုးကြီးကနေ အမြန်ဆုံး ကျွတ်လွတ်နိုင်ပါစေ"

စကားဆုံးတဲ့အချိန်မှာ. . ကျွန်တော် လေယာဉ်ပေါ်မတက်သေးဘဲ မှော်လင့်ချက်ကြီးစွာနဲ့ လေယာဉ်ထဲကို စိုက်ကြည့်နေမိပါတယ်။

ထိုစဉ်မှာပဲ. . .



www.burmeseclassic.com

www.burmeseclassic.com


ခရီးသည်တွေအားလုံး လေယာဉ်ပေါ် တက်ပြီးတဲ့အချိန်မှာ လှပကြော့ရှင်းတဲ့ လေယာဉ်မယ်ကလေးတစ်ဦး . . လေယာဉ်လှေကားပေါ်က ဆင်းသွားခဲ့တာကို . . မြူနှိုးလိုလို နှင်းမှုံလိုလို ဝေဝေဝါးဝါးသဏ္ဌာန်နဲ့ ကျွန်တော်အပါအဝင် ခရီးသည်တွေအားလုံး တွေ့မြင်လိုက်ရပါတယ်။

ကျွန်တော့်ရင်ထဲ အတော်ဝမ်းနည်းသွားမိပါတယ်။

လက်စွပ်ကလေးရဲ့ပိုင်ရှင်ဟာ မေမေ မဟုတ်ဘူးပေါ့။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ပြုလုပ်ပေးခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် မေမေမဟုတ်တဲ့ တစ်ခြားတစ်စုံတစ်ယောက် ကျွတ်လွတ်သွားခဲ့တယ်ဆိုရင်လည်း ကျွန်တော် ဝမ်းသာပီတိ ဖြစ်နိုင်ရပါမယ်လို့ ကိုယ့်စိတ်ကိုယ် ဖြေသိမ့်လိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

လေးကန်တဲ့ခြေလှမ်းတွေနဲ့ ကျွန်တော် လေယာဉ်ပေါ် တက်လိုက်ပါတယ်။

ကျွန်တော့်ထိုင်ခုံဟာ နောက်ဆုံးခုံ ဖြစ်နေပါတယ်။

ဒီခုံဟာ မေမေ့အလောင်းကို ကြိုးတွေနဲ့ စည်းနှောင်ထားခဲ့တဲ့ ခုံများလား။

ကျွန်တော် ဝမ်းနည်းပမ်းနည်း တွေးလိုက်မိတဲ့အချိန်မှာ လေယာဉ်ရဲ့ပြတင်းမှန်မှာ အနက်ရောင်ဂါဝန်နဲ့ အင်မတန် မာနကြီးမယ့် ရုပ်သဏ္ဍာန်နဲ့ အမျိုးသမီးတစ်ယောက်ကို မှုန်ဝါးဝါး တွေ့လိုက်ရပါတယ်။

ကျွန်တော် လှုပ်လှုပ်ရှားရှား ဖြစ်သွားရပါတယ်။

မေမေ . . မေမေ . . . ။

ကျွန်တော် နှုတ်ခမ်းတွေလှုပ်သွားရုံ အသံတိတ် ခေါ်လိုက်တဲ့အချိန်မှာ မေမေ့ပုံသဏ္ဍာန်ဟာ ပျောက်ကွယ်သွားပါတော့တယ်။

ကျွန်တော့်ကို ကြည့်လိုက်တဲ့ မေမေ့ရဲ့မျက်လုံးတွေထဲမှာ အားငယ်ရိပ်တွေနဲ့ ညှိုးနွမ်းနေတာ ကျွန်တော် သေချာသတိပြုလိုက်မိပါတယ်။

ကျွန်တော် ဝမ်းနည်းကြေကွဲစွာနဲ့ မေမေ့ကို ကတိပေးလိုက်ပါတယ်။

"သား ဒီလေယာဉ်ဆီကို နောက်တစ်ခါ ထပ်လာခဲ့ပါဦးမယ်မေမေ၊ မေမေ့ရဲ့လက်စွပ်ကို တွေ့အောင်ရှာပြီး သားပြန်


www.burmeseclassic.com

www.burmeseclassic.com


လာခဲ့ပါ့မယ်၊ မေမေ့ကိုလည်း ဟောဒီလေယာဉ်ပေါ်က ထွက်ခွာသွားနိုင်အောင် သားအမြန်ဆုံး ကြိုးစားပေးပါ့မယ် မေမေရယ်"

တကယ်တော့ သူများတွေကို ကျိန်စာတိုက်ခဲ့တဲ့ မေမေဟာ. . သူကိုယ်တိုင်လည်း အဲ့ဒီလက်စွပ်ရဲ့ကျိန်စာကို သင့်ခဲ့တာပဲလို့ ကျွန်တော် ထင်မိပါတယ်။

မေမေ့ကို အဲ့ဒီကျိန်စာက အမြန်ဆုံးလွတ်မြောက်သွားအောင်. . ကျွန်တော် ကြိုးစားကယ်တင်ပေးမှာပါ။ ။

ပြီးပါ

BURMESE CLASSIC


www.burmeseclassic.com